# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၆)၊ အမှတ် (၉)

"ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ"

(မတ် ၁၁ ၊ ၂၀၁၉)


## တရုတ်တစ်သျှူး ငှက်ပျောကြောင့် ဒေါ်လာသိန်း ၇၀ ခန့် ရရှိနေ





လိမ်လည်သွားသူ မစန်းထွေး (ခေါ်)ဒေါ်ဗိုက်

## သိန်း ၂၅၀ ကျော် လိမ်လည်ခံရမှု

ဝိုင်းမော်မြို့နယ် နောင်ချိန်းကျေးရွာအုပ်စုတွင် (၂၀၁၇-၂၀၁၈)ခုနှစ်က ဝက်ခုံလုပ်ငန်းလုပ်ကိုင်သူ မစန်းထွေး (ခေါ်) ဒေါ်ဗိုက်၊ မှတ်ပုံတင်အမှတ် ၁၃/ရစန(နိုင်) ၀၆၇၄၉၀ ကိုင်ဆောင်သူသည် နောင်ချိန်းကျေးရွာ၊ နယ်မြေ(၁)တွင် နေထိုင်သူ ဦးဇော်မင်းဦး အပါအဝင် (၁၉)ဦးတို့၏ ငွေကျပ် ၂၅,၃၉၀,၀၀၀ ကျပ်ကို လိမ်လည်ထွက်ပြေးသွားပါသဖြင့် အများပြည်သူ သိရှိနိုင်ရန်နှင့် သက်ဆိုင်ရာများမှ အရေးယူဆောင်ရွက်ပေးပါရန် မြစ်ကြီးနားသတင်းဂျာနယ်မှ တစ်ဆင့် အသိပေးကြေညာအပ်ပါသည်။

ဦးဇော်မင်းဦးပါ (၁၉)ဦး

## ကချင်ပြည်နယ်မှာ HIV လျှော့ချရေးအတွက် အမေရိကန်ဒေါ်လာ ၆သန်းသုံးစွဲမည့် ထောက်ပံ့ငွေတွင် မူးယစ်ဆေးသုံးစွဲသူ အမျိုးသမီးများအတွက် ထည့်သွင်းရန်လိုအပ်

စာ - ၁၂-၁၃ သို့ »





## မြစ်ဆုံဒေသတွင် ကျောက်ရွှေထုတ်ယူရန် ဓာတုပစ္စည်းများအသုံးပြု၍ စမ်းသပ်နေမှုကို ဒေသခံများစိုးရိမ်နေ

စာ - ၅ သို့ »

## မြစ်ကြီးနားမြို့နယ်အတွင်း လိုင်စင်မဲ့ မော်တော်ယာဉ် စာရင်းများ ကောက်ယူနေ

စာ - ၄ သို့ »

## မူးယစ်ဆေးဝါးကြောင့် ခိုးမှု လုယက်မှုတွေ များနေတဲ့ မန်ဒေါင်ဒေသ

စာ - ၄ သို့ »




# တရုတ်တစ်သျှူးငှက်ပျောကြောင့် ဒေါ်လာသိန်း ၇၀ ခန့် ရရှိနေ



ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဒေါ့ဖုန်းယန်မြို့နယ်ခွဲ အနီးအနားမှာရှိတဲ့ ရွာတွေမှာ တရုတ်မျိုးရင်း တစ်သျှူး ငှက်ပျောပင်တွေကို တရားဝင်ရော၊ တရားမဝင်ရော စိုက်ပျိုးနေတာတွေကြောင့် ဒေသခံတွေက စိုးရိမ်နေကြရပါတယ်။

အဲ့ဒီဒေသမှာ တရုတ်စိုက်ပျိုးရေးကုမ္ပဏီတွေက ဝင်ရောက် စိုက်ပျိုးနေတာဖြစ်ပြီးတော့ ကျေးရွာနဲ့အနီးတစ်ဝိုက်မှာရှိတဲ့ တောင်သူတွေရဲ့ မြေယာတွေမှာ ဝင်ရောက်လုပ်ကိုင်မှာကို စိုးရိမ်နေကြတာပါ။ ဒါပေမဲ့ ကုမ္ပဏီ နှစ်ခုတည်းနဲ့တင် ဒေါ့ဖုန်းယန် မြို့နယ်ထဲမှာ ဧက သောင်းနဲ့ချီ စိုက်ပျိုးထားပြီးပါပြီ။

“တစ်သျှူးငှက်ပျော စိုက်မယ်ဆိုပြီးမှ တောင်သူတွေ စိုက်ထားတဲ့ ပြောင်းတွေကို ဘူဒိုဇာနဲ့ထိုးတယ်။ တောင်သူတွေက ပြောင်းပင်တွေကို ရိတ်တယ်၊ သူတို့က ဘူဒိုဇာနဲ့ နောက်ကနေ လိုက်ထိုးပြီး အလုပ်သမားတွေနဲ့ ကျင်းတွေတူးတယ်။ ပြီးရင် တစ်သျှူးငှက်ပျော တစ်ခါတည်း တန်းစိုက်တယ်”လို့ တာဆိုင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမိုးအောင်က ပြောပါတယ်။

တစ်သျှူး ငှက်ပျောခြံတွေက သစ်တောကြိုးဝိုင်းတွေထဲမှာတောင် စိုက်နေကြပြီဖြစ်လို့ အနီးအနားက မန်ပင်ရွာ ဒေသခံတွေတောင် သူတို့ ရွာဘက်ကို ရောက်မလာအောင် ကြိုးစားနေကြတယ်။ ကုမ္ပဏီတွေက ဒီဒေသတွေမှာ စိုက်ပျိုးဖို့ ၂၀၀၃ ခုနှစ် လောက်ကတည်းက ကြိုးစားနေတာလို့ ဒေသခံတွေက ဆိုပါတယ်။

“ကျွန်တော်တို့ ရွာရဲ့ထိပ်မှာလည်း ဧက ၂၀၀ လောက် လုပ်ထားတာရှိတယ်။ ခေတ်ကောင်းတုန်းက ပေါ့နော်။ ကျွန်တော်တို့ရွာမှာကို မစိုက်အောင်လို့ လုပ်မယ်။ နေပြည်တော်ထိ အဆင့်ဆင့်တက်ဖို့ လုပ်ထားတယ်”လို့ မန်ပင်ကျေးရွာဒေသခံတစ်ဦးက ပြောပါတယ်။

“တာဆိုင်ကျေးရွာအုပ်စုတစ်ဝိုက်မှာ ၂၀၁၇ ခုနှစ်က မြေလွတ်မြေရိုင်း ဧက ၉၀၀ ကျော်ကို ပြည်နယ်အစိုးရဆီ လျှောက်ပြီး ဒေသခံတွေက ခုတ်ထွင် ရှင်းလင်းခဲ့ကြတယ်။ ရှင်းလည်းရှင်းပြီးရော ပန်းမြတ်မာလာ ကုမ္ပဏီက သူတို့ပိုင်မြေဆိုပြီး ပြောလာလို့ အငြင်းပွားမှုတွေ ဖြစ်နေရတယ်”လို့လည်း ဒေသခံတွေက ပြောပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ခအူကျေးရွာ၊ မန်ပင်ကျေးရွာနဲ့ တာဆိုင်ကျေးရွာအုပ်စုက ရွာ ၆ ရွာမှာရှိတဲ့ ဒေသခံ တောင်သူတွေက တောင်ယာမြေတွေမှာ လုပ်ကိုင်စားသောက်ခွင့် ပုံစံ(၁) ရရှိရေးအတွက် ကြိုးစားနေကြပြီး ဒီလိုကြိုးစားတဲ့ အချိန်မှာလည်း အခက်အခဲတွေ အများကြီးရှိတယ်လို့ ဆိုပါတယ်။

ဒီအကြောင်းအရာတွေကို ဖြေရှင်းပေးဖို့ လွှတ်တော်ကိုယ်စားလှယ်တွေကို တင်ပြခဲ့ပေမယ့်လည်း လက်တွေ့ လုပ်ဆောင်ပေးတာတွေ ဘာမှမရှိဘူးလို့လည်း ဒေသခံတွေက ဆိုပါတယ်။

တစ်သျှူးငှက်ပျော စိုက်ပျိုးမှုကြောင့် ဒေသများအခက်အခဲပေါင်းများစွာနဲ့ ရင်ဆိုင်နေရတဲ့ အကြောင်းကို ရှင်းလင်းတင်ပြဖို့ အခမ်းအနားတစ်ခုကို မြစ်ကြီးနားမြို့ မန္တလေးကျောင်းတိုက်မှာ မတ်လ ၆ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ပါတယ်။

သတင်းစာ ရှင်းလင်းပွဲမှာ ဒေသခံနဲ့ အုပ်ချုပ်ရေးမှူးတွေက ငှက်ပျောရဲ့ဆိုးကျိုးတွေ၊ ကွဲ၊ နွား သေဆုံးမှုတွေနဲ့ အခက်အခဲတွေကို သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးတွေက ရှင်းလင်းတင်ပြခဲ့ကြပြီးတော့ တစ်သျှူးငှက်ပျော ထပ်မံ မစိုက်ပျိုးဖို့လည်း တောင်းဆိုခဲ့ကြပါတယ်။

ဒီပွဲမှာ ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဟောင်းဖြစ်သူ ရွှေကူမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ဦးမြသိန်း တက်ရောက်ခဲ့ပြီး သူတာဝန်ထမ်းဆောင်ခဲ့စဉ်က တစ်သျှူးငှက်ပျောနဲ့ ပတ်သက်ပြီး ကိုင်တွယ်ဖြေရှင်းခဲ့ပုံကို ရှင်းပြပါတယ်။

“ဒါနဲ့ ပတ်သက်ပြီးမှ ဝန်ကြီးချုပ်ကြီးက ကျွန်တော့်ကို တာဝန်တစ်ခု ပေးပါတယ်။ တစ်သျှူးငှက်ပျော စိုက်တဲ့ဧရိယာ ဘယ်လောက်ရှိသလဲ။ နောက် ဘယ်သူတွေစိုက်သလဲ။ ဘယ်ကုမ္ပဏီတွေ စိုက်သလဲ။ ပုဂ္ဂလိက၊ တောင်သူ စသဖြင့် စိစစ်ခိုင်းခဲ့တာ ရှိပါတယ်။ ရှင်းနီးမြှုပ်


ငှက်ပျောသီးကို တရုတ်ပြည်မကြီးထဲထိ သယ်သွားနိုင်ဖို့ ကြာရှည်ခံ ဓာတုဆေးဝါးကန်ထဲသို့ စိမ်လိုက်ပါတယ်
ဓာတ်ပုံ – စည်သူ

နှံ့မှု ကော်မရှင်ကို တရားဝင်လျှောက်ထားဖို့ ခိုင်းပါတယ်”လို့ ဦးမြသိန်းက ရှင်းပြပါတယ်။

ဒါ့အပြင် ဇင်းဝန်ကြီးအဖြစ်တာဝန်ယူစဉ်က ဒေသခံတို့၏ ကွဲပြား သေဆုံးမှုများနှင့် ပတ်သက်ပြီး ဌာနသို့ ရောက်ခဲ့ကြောင်း တစ်သျှူးငှက်ပျော ပြဿနာဟာ တဖြည်းဖြည်း ကြီးထွားလာနေကြောင်း၊ တစ်သျှူးငှက်ပျောကို ဥပဒေဘောင်ထဲကို ရောက်အောင် လုပ်မလား၊ အပြတ် ဖျက်သိမ်းမလား ဆိုတာကို စဉ်းစားဖို့လိုပြီ ဆိုတာနဲ့ပတ်သက်ပြီးလည်း ဝန်ကြီးချုပ်ထံ ပြောဆိုခဲ့ဖူးကြောင်း၊ တစ်သျှူးငှက်ပျောနဲ့ ပတ်သက်ပြီး လွှတ်တော်မှာ ဆွေးနွေးစဉ်ကလည်း မိမိအနေနဲ့ အပြတ်ဖျက်သိမ်းရေးဘက်ကိုသာ ဦးတည်ခဲ့ကြောင်း ဦးမြသိန်းက ထပ်လောင်း ပြောကြားခဲ့ပါတယ်။

ဒေါ့ဖုန်းယန်မြို့နယ် အတွင်းမှာရှိတဲ့ တစ်သျှူးငှက်ပျောတွေကြောင့် ဒေသခံတွေ ဆိုးကျိုးခံစားနေရတာကို ကူညီဖြေရှင်းပေးနေတဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ တိုင်းရင်းသား တောင်သူလယ်သမား သမဂ္ဂအဖွဲ့က မတ်လ ၂ ရက်နေ့ (တောင်သူလယ်သမားနေ့)က သုံးရက်ကြာသွားရောက်လေ့လာခဲ့ပြီး ဒေသခံတွေ ပုံစံ(၁) ရရှိနိုင်ရေးအတွက် လုပ်ဆောင်ပေးခဲ့တယ်လို့ သိရပါတယ်။

“ကြိုးပြင်သစ်တောမ သတ်မှတ်ခင်ကတည်းက ရွာတွေက ဖြစ်နေတာ။ အဲဒီလို ရွာတွေကိုမှ ခြိမ်းခြောက်လာတဲ့အတွက်ကြောင့် ရွာသူရွာသားတွေက လယ်ယာမြေတွေ ယာမြေတွေ ဆုံးရှုံးနစ်နာမှာစိုးလို့ ကျွန်တော့်ကို အကူအညီ လှမ်းတောင်းတယ်။ ဒီ တစ်သျှူးငှက်ပျောကို အစိုးရအဖွဲ့က ခွင့်ပြုထားသလားဆိုတော့ ဘယ်အဖွဲ့အစည်းကမှ ခွင့်ပြုထားတာမရှိဘူး”လို့ မြန်မာနိုင်ငံလုံးဆိုင်ရာ တိုင်းရင်းသားတောင်သူလယ်သမားသမဂ္ဂအတွင်းရေးမှူး ဦးထွန်းအေးက မြစ်ကြီးနားသတင်းဂျာနယ်ကို ဖြေကြားပါတယ်။

ဒါ့အပြင် ဦးထွန်းအေးက မြေတွေကို ခွင့်ပြုမထားသော်လည်း တစ်သျှူးငှက်ပျောစိုက်ဧက များပြားလာခြင်းမှာ စဉ်းစားစရာဖြစ်ကြောင်း၊ ၁၀ နှစ်သက်တမ်းရှိတဲ့ ကျွန်းပင်တွေကို တစ်သျှူးငှက်ပျောစိုက်ဖို့အတွက် ခုတ်ထွင်မီးရှို့ပစ်ကြကြောင်း၊ ရွာ၏ ဘုံစားကျက်မြေတွေပါ ပျောက်ဆုံးကြရကြောင်း၊ ဒေသခံပြည်သူတွေရဲ့ စားဝတ်နေရေးလည်း ကျပ်တည်းလာမှာ ဖြစ်တဲ့အကြောင်း ထပ်မံရှင်းပြပါတယ်။

ဒီ တရုတ်တစ်သျှူးငှက်ပျောတွေ စိုက်ဖို့ မြေဆီလွှာမှာသုံးရတဲ့ ဓာတုဆေးရည်တွေကြောင့်တိရစ္ဆာန်တွေအများအပြား သေဆုံးကြရတဲ့အပြင် ဆေးဖြန်းအလုပ်သမားတွေအနေနဲ့လည်း ရောဂါပေါင်းစုံကို ခံစားကြရတယ်လို့ တစ်သျှူးငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းကို ၁၂ နှစ်ကြာ လုပ်ကိုင်လာခဲ့တဲ့ ဒေါ့ဖုန်းယန်ဒေသခံ ဒေါ်အေးအေးအောင်က ပြောပါတယ်။

“အခု ဒီဆေးတွေဆိုတာက ခွေးနွားကြက် အကုန်လုံး ငှက်၊ ဘာမဆို ငါးကအစ သေတယ်။ သူတို့ဆေးတွေက ထိခိုက်သွားလို့ရှိရင်။ သူတို့လူမျိုးကိုင်မယ်ဆိုရင် သူတို့မှာ ဖြေဆေးရှိတယ်။ သောက်တယ်။ ဒို့မြန်မာတွေကို မတိုက်ဘူး။ ဒါလက်တွေ့ပဲပေါ့နော်။ သားကိုယ်တိုင်လည်း ဒီ ရောဂါမျိုးရထားပြီ။ ဘကြီးတစ်ယောက်လည်း ဒီ ရောဂါရထားပြီ။ ဒီဆေးနဲ့ ပတ်သက်ပြီးတော့မှ ဖြစ်သွားတာ”ဟု ဒေါ်အေးအေးအောင်က ကိုယ်တိုင်ကြုံတွေ့ခဲ့တာကို ပြောခဲ့တာပါ။

ဒေါ်အေးအေးအောင်က တစ်သျှူးငှက်ပျော စိုက်တဲ့အခါ စပ်သုံးရတဲ့ဆေးအမျိုးအစား နှစ်ဆယ်လောက် အကြောင်းနဲ့ ပတ်သက်ပြီး မြစ်ကြီးနား၊ မန္တလေး ကျောင်းတိုက်မှာ လုပ်တဲ့ သတင်းစာ ရှင်းလင်းပွဲမှာ ရှင်းပြခဲ့ပါတယ်။

ဒီဆေးတွေမှာ အသီးကော့ဆေး၊ မြေဩဇာလုပ်တဲ့အခါ ထည့်တဲ့ဆေး၊ အသီးမမှည့်ဆေး၊ ပိုးသတ်ဆေး၊ စတဲ့ဆေးတွေကို ဗူးခွံဥပမာတွေနဲ့တကွ ရှင်းပြခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုဆေးတွေကို အများအပြား အသုံးပြုလုပ်ကိုင်လျက်ရှိနေတယ်လို့ ဒေသခံတွေ ပြောဆိုနေပေမယ့်လည်း ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်ကတော့ အလွန်အကျွံမသုံးစွဲကြောင်း မတ်လ ၃ ရက်နေ့က မိုးညှင်းမြို့တော်ခန်းမမှာ ပြုလုပ်တဲ့ လူထုတွေ့ဆုံပွဲမှာ ပြောကြားခဲ့ပါတယ်။

“သူတို့ ယူနန်ပြည်နယ်မှာစိုက်တဲ့ငှက်ပျော ဆိုပြီးတော့ ၈ နိုင်ငံကို Export လုပ်တယ်။ Export လုပ်တဲ့အခါကျတော့ ဒီငှက်ပျောသီးကို Chemical Analysis (ဓာတုဆေး ဆန်းစစ်ချက်) လုပ်တယ်။ ပိုးသတ်ဆေး ပိုလို့ မရဘူး။ ဓာတ်မြေဩဇာ ပိုသုံးလို့ မရဘူး။ သုံးတာနဲ့ အဲဒီ ငှက်ပျောသီး သူတို့မယူတော့ဘူး”လို့ ဒေါက်တာခက်အောင်က ပြောပါတယ်။

တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတွေကြောင့် ဖရဲသီးနဲ့ တစ်သျှူးငှက်ပျော ကနေ ဒေါ်လာ သိန်းပေါင်း ၇၀ ခန့် ရရှိနေကြောင်း၊ ဥပဒေအရ အရေးယူတာတွေ လုပ်လို့ရပေမယ့်လည်း ပြည်သူလူထု နှစ်သိန်းခန့် အလုပ်အကိုင်အခွင့်အလမ်း ရရှိနေကြောင်း၊ နိုင်ငံခြားဝင်ငွေလည်း ရရှိတာကြောင့် အရေးမယူရခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောပါတယ်။

ဒီဒေသမှာ ငှက်ပျောလုပ်ကိုင်တဲ့ အလုပ်သမားအများစုက မြန်မာပြည်အောက်ပိုင်းကနေ လာရောက်လုပ်ကိုင်သူများပြီး ငှက်ပျောထမ်း ၅၀၀ ကျပ်၊ ရေဆေး ၁၅၀၀၀ ကျပ်၊ ဓာတုရေစိမ် ၁၅၀၀၀ ကျပ်၊ အလေးချိန် ၂၀၀၀၀ ကျပ်၊ ဖာစီဖာပြင် ၂၀၀၀၀ ကျပ်၊ ပါကင်ထုတ် ၃၀၀၀၀ ကျပ် နဲ့ ဖာစီ ၃၀၀၀၀ ကျပ်တို့ ရရှိနေကြတယ်လို့ သိရပါတယ်။ ဒီနှုန်းထားတွေက နေ့စားခမဟုတ်ပါဘူး။ ကားတစ်စီးအပြတ်ဖာ ၃၆၀၀ ပြည့်မှ ရရှိတဲ့ လုပ်အားခ ဖြစ်တယ်လို့လည်း လုပ်သားတွေက ဆိုပါတယ်။ လုပ်သားထဲမှာ တရုတ်လူမျိုး ပါလာရင်တော့ အပေါ်က နှုန်းထားထက် ၂ ဆ ကနေ ၃ ဆ အထိ ပိုပေးတယ်လို့လည်း သိရပါတယ်။

တရုတ် တစ်သျှူးငှက်ပျောတွေကို ၂၀၀၃ ခုနှစ်ဝန်းကျင်ကတည်းက စိုက်ပျိုးခဲ့တယ်လို့ သိရပြီးတော့ ဒေသခံတွေ ပြောကြားချက်အရ အခုဆိုရင် ကချင်ပြည်နယ်အတွင်းမှာ ဧကပေါင်း တစ်သိန်းကျော်အထိ ရှိနေပါပြီ။ ဒီလို ဧက သိန်းနဲ့ချီလာတာကြောင့် ၂၀၁၈ ဖေဖော်ဝါရီ ၃ ရက်က ဝိုင်းမော်မြို့နယ်က ဒေသခံ အယောက် ၅၀၀ လောက် မြစ်ကြီးနားမြို့ပေါ်မှာလာပြီး ဆန္ဒဖော်ထုတ်ပြီးပါပြီ။

ပြီးခဲ့တဲ့နှစ်က တစ်သျှူးငှက်ပျောတွေကို အထူးသီးနှံအဖြစ် သတ်မှတ်ပြီး တစ်ဧကကို ကျပ်နှစ်သောင်းကောက်ခံဖို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တွေ ဆွေးနွေး အတည်ပြုခဲ့ကြပါတယ်။ ဒီလို ကောက်ခံဖို့ ဝန်ကြီးချုပ်ဟောင်းဦးလဂျွန်ငန်ဆိုင်းက တင်ပြခဲ့တာပါ။

ဦးလဂျွန်ငန်ဆိုင်း ကတော့ အခွန်ငွေများလို့မစိုက်ရင်လည်း မစိုက်ပါစေနဲ့ဆိုတဲ့ သဘောနဲ့ ပုံမှန်သီးနှံခွန်သုံးထောင်လောက် ကောက်ခံနေချိန်မှာ ငှက်ပျောကိုသောင်းငွေအထိ တိုးမြှင့်လိုက်တာလို့ ဆိုပါတယ်။ ဒါပေမဲ့လည်း ငှက်ပျောထုတ်ရာသီဖြစ်တဲ့ အောက်တိုဘာလိုလမျိုးတွေမှာ တစ်ပတ်တစ်ပတ်ကို ငှက်ပျောတန်ချိန်ပေါင်း ငါးထောင်ဝန်းကျင်လောက် (အမေရိကန်ဒေါ်လာ တစ်သန်းခွဲဖိုးခန့်) တင်ပို့တယ်လို့ ကန်ပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းရဲ့ ၂၀၁၆ ခုနှစ် ဩဂုတ်လ (၈-၁၄) ရက်သတ္တပတ်ထုတ်ပြန်ချက်ကို သတင်းစာတစ်ခုမှာ ဖတ်ခဲ့ဖူးပါတယ်။ ကောက်ခံရရှိတဲ့ ဝင်ငွေနဲ့ သယ်ယူပို့ဆောင်နေတဲ့ ဘီး ၂၀ ကျော် တွဲကားကြီးတွေကြောင့် ပေးဆပ်ရတာတွေ၊ စိုက်ခြံတွေက ကျရောက်တဲ့ ဘေးထွက် ဆိုးကျိုးတွေက တန်ရဲ့လားဆိုတာ စစ်ဆေးမယ့်သူ မရှိပါဘူး။ စစ်ဆေးမယ့် ပုဂ္ဂိုလ်တွေရဲ့ ခြေလှမ်းတွေက အပေးအကမ်းရက်ရောတဲ့ တာကောတို့ရဲ့ အထုပ်ကြီး အထည်ကြီးတွေနဲ့ ခလုတ်တိုက်နေသရွေ့ ငှက်ပျောခြံတွေ ဧက သန်းနဲ့ချီ တိုးလာနေဦးမှာဆိုတာ အသေအချာပါပဲ။

စည်သူ(မြစ်ကြီးနား)



မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
အောင်မျိုးဦး

**စာပြင်**
မြတ်သွေးထက်၊ ဝေဝေ

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ

**အငယ်တန်းသတင်းထောက်**
Ah Je (လပတ်)
မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)၊ ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ဗွီဒီယို တည်းဖြတ်**
ဇင်မင်း

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**Website Design**
La Tawng,

**သတင်းစာဒီဇိုင်း**
Seng Lawt Awng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**ငွေကိုင် ၊ စာရင်းကိုင်**
နန်အောင် ၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဆွတ်ရိန်နော်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**

အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# မြစ်ကြီးနားမြို့နယ်အတွင်း လိုင်စင်မဲ့ မော်တော်ယာဉ် စာရင်းများ ကောက်ယူနေ

မတ်လ ၈

မြစ်ကြီးနားမြို့နယ် အတွင်း မတ်လ ၄ ရက်နေ့ မှ စတင်ကာ လိုင်စင်မဲ့ မော်တော်ယာဉ်များကို တစ်ကျော့ပြန် စာရင်းကောက်ယူနေပြီဖြစ်ကြောင်း သိရသည်။

ယင်းသို့ မော်တော်ယာဉ်များအရေအတွက် စစ်တမ်းကောက်ယူခြင်းသည် ယာဉ်စည်းကမ်း လမ်းစည်းကမ်း မလိုက်နာမှုနှင့် မူးယစ်ဆေးဝါးနှင့် အခြားတရားမဝင်မှုများအတွက် အသုံးပြုသူများပြားလာသောကြောင့် ကောက်ယူရခြင်း ဖြစ်ကြောင်း တပ်ကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဘောက်နော်မှ မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကချင်ပြည်နယ် အစိုးရရဲ့ ညွှန်ကြားချက်အတိုင်း အခုလို လိုက်လံကောက်ယူနေရတာပါ။ လိုင်စင်မဲ့တွေကအရမ်းပေါလာပြီး ဝင်လာတဲ့ လမ်းကြောင်းကလည်း ပိုက်ဆံပေးပြီး ဝင်လာတာဆိုတော့ ဘယ်လိုမှ ထိန်းမရတော့"ဟု ဦးဘောက်နော်မှ ပြောသည်။

ဆက်လက်ပြီး မိမိရပ်ကွက်မှ ကောက်ယူထားသည့် လိုင်စင်မဲ့မော်တော်ယာဉ်အစီးရေ ငါးရာကျော် စာရင်းကို မြို့နယ်အုပ်ချုပ်ရေးရုံးသို့ ပေးပို့ခဲ့ပြီးဖြစ်ကြောင်းလည်း ဦးဘောက်နော်မှ ထပ်မံပြောကြားသည်။

ရက်ကွက်နှင့် ကျေးရွာများသို့ ညွှန်ကြားထားသည့်စာတွင် ယာဉ်မတော်တဆမှုများဖြစ်ပွားလျှင် ထွက်ပြေးတိမ်းရှောင်မှုများ ရှိခြင်း၊ ယာဉ်စည်းကမ်း လိုက်နာမှုမရှိဘဲ အုပ်ချုပ်မှုလျော့နည်းလာသည့်ဖြစ်စဉ်များ မကြာခဏ ဖြစ်ပွားလျက် ရှိသဖြင့် လိုင်စင်မဲ့ မော်တော်ယာဉ်များအား ဖမ်းဆီးအရေးယူဆောင်ရွက်မည်ဖြစ်သည့်အတွက် စာရင်းကောက် ပို့ပေးရန်ဖြစ်ကြောင်း ပါရှိသည်။

ထို့ကြောင့် မြစ်ကြီးနားမြို့နယ်အတွင်းရှိ ကျေးရွာ/ရပ်ကွက်များတွင် လိုက်လံကောက်ယူလျက် ရှိနေပြီး ဖမ်းဆီးသည့်အခါတွင် အစီးရေမည်မျှရှိသည်ကို သိရှိရန်အတွက်ဖြစ်သည်ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းမှ ပြောသည်။

"ဒီဟာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့က စာရင်းလိုချင်တယ်။ ပထမစာရင်းတွေရှိတယ်။ ထပ်တိုးလာသလား။ တိုးတိုင်းကို ပို့ခိုင်းတာ အကန့်အသတ်မရှိဘူး။ ကျွန်တော်တို့က ကုန်ကြမ်းစုနေတာ။ အပေါ်က ဖမ်းမယ်ဆိုရင် ဘယ်လောက်ရှိသလဲဆိုတာ တင်ပြနိုင်ဖို့ပါ"ဟု ဦးသန်းဝင်းမှ ရှင်းပြသည်။

ကချင်ပြည်နယ်တွင် လိုင်စင်မဲ့ မော်တော်ယာဉ်များသည် အိမ်စီးကားသာမက လိုင်းပြေးဆွဲသည့် နေရာများတွင်ပါ အများအပြား အသုံးပြုစီးနင်းလျက် ရှိကြပြီး ၂၀၀၂ ခုနှစ် စစ်အစိုးရလက်ထက်ကလည်း လိုင်စင်မဲ့မော်တော်ယာဉ် အစီးရေ ၂၀,၀၀၀ ကျော်ကိုလည်း ဖမ်းဆီး သိမ်းဆည်းခဲ့ကြောင်း သိရသည်။

စည်သူ(မြစ်ကြီးနား)

# မူးယစ်ဆေးဝါးကြောင့် ခိုးမှု၊ လုယက်မှုတွေ များနေတဲ့ မန်ဒေါင်ဒေသ




မြစ်ကြီးနား၊ မတ် ၈

ဝိုင်းမော်မြို့နယ်၊ မန်ဒေါင်ကျေးရွာအုပ်စုတွင် မူးယစ်ဆေး သုံးစွဲရောင်းချမှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာနေကြောင်း ဒေသခံတို့၏ ပြောစကားများအရ သိရသည်။

ထိုသို့ မူးယစ်ဆေးဝါး သုံးစွဲ/ရောင်းချမှု ပိုမိုများပြားလာသည်နှင့်အမျှ မန်ဒေါင်ကျေးရွာအုပ်စုတွင် ခိုးမှု၊ လုယက်မှုများလည်း ပိုမိုများပြားနေကြောင်း၊ ထို့ကြောင့် ကျေးရွာလုံခြုံရေးအတွက်လည်း စိုးရိမ်ဖွယ်အခြေအနေဖြစ်နေကြောင်း ဒေသခံတို့က ပြောသည်။

မန်ဒေါင်ကျေးရွာအုပ်စုတွင် တရုတ်လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ တစ်ရှူးငှက်ပျောခြံများ ဝင်ရောက်လာသည့်နောက်ပိုင်း ခြံလုပ်သား၊ မော်လုပ်သားများလည်း များပြားလာကာ တခြားနယ်မှ လူဝင်လူထွက်များလာခြင်းတို့ကြောင့် ရပ်ရွာ အုပ်ချုပ်ရေးတွင် အခက်အခဲများ ဖြစ်လာကြောင်း၊ တရားဥပဒေ စိုးမိုးမှု လျော့ရဲလာခြင်းကြောင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု၊ သုံးစွဲမှုများလည်း ပိုမိုများပြားလာကြောင်း မန်ဒေါင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမဒိန်တိန့်ဘောမ်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အုပ်စိုးမှု မရှိဘူး။ အဲ့ဒီမှာပဲ မူးယစ်ဆေးဝါးသုံးစွဲမှုများလာတယ်။ လာရောက်ရောင်းတယ်။ သယ်ယူတယ်။ အခုလို လွတ်လွတ်လပ်လပ် ဖြစ်သွားတဲ့အခါမှာ မူးယစ်ဆေးဝါး သုံးစွဲမှု ပိုများလာတယ်"ဟု ၎င်းကဆိုသည်။

ကျေးရွာအတွင်း မူးယစ်ဆေးဝါး သုံးစွဲမှုများလာခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများအနေဖြင့် လူငယ်လူရွယ်များပျက်စီးကာ အလုပ်လက်မဲ့ ဖြစ်လာကြောင်း၊ ကျန်းမာရေးပြဿနာများလည်း များပြားလာကြောင်း၊ အကျင့်စာရိတ္တ ပျက်ပြားသူများလည်း ပိုမိုများပြားလာကြောင်း ဦးမဒိန်တိန့်ဘောမ်က ဆက်လက်ပြောသည်။

"ကျွန်တော့်ရဲ့ ကျေးရွာအုပ်စုမှာ ပါတဲ့ သုံးရွာက မူးယစ်ဆေးဝါးသုံးစွဲသူ အရမ်း များနေတယ်။ ကလေးသူငယ်၊ လူငယ်၊ လူရွယ်တွေအားလုံး ပျက်စီးပြီ။ အလုပ်လက်မဲ့ ဖြစ်နေကြတယ်။ အလုပ်လည်း မလုပ်ချင်ကြဘူး။ လူပျင်းတွေ ဖြစ်ကုန်ကြပြီ။ ရောဂါတွေလည်း အစုံရနေကြတယ်။ သူခိုးတွေများလာတယ်။ လူမှုအဖွဲ့အစည်းဆိုင်ရာတွေကလည်း အကျင့်စာရိတ္တ ပျက်ပြားနေပါတယ်"ဟု ၎င်းက ပြောသည်။

ယင်းကဲ့သို့ မူးယစ်ဆေးဝါးသုံးစွဲမှု များပြားလာခြင်းမှာ ယင်းဒေသရှိ ငှက်ပျောလုပ်ငန်းအချို့တွင် အလွယ်တကူ ရောင်းချနေခြင်းကြောင့်ဖြစ်ကြောင်း၊ မန်ဝိန်းရှိ လောင်းကစားဝိုင်းများတွင်လည်း မူးယစ်ဆေးဝါး ရောင်းဝယ် ဖောက်ကားမှုနှင့် ဆက်စပ်နေကြောင်းကို အမည်မဖော်လိုသူ ဒေသခံ တစ်ဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"မူးယစ်ဆေးဝါးက လောဆာ၊ မန်ဝိန်းတို့ဘက်က ငှက်ပျောခြံတွေကနေ ဝယ်ယူကြတာ။ အဲ့ဒီနေရာကနေပဲ သွားယူပြီးတော့ ဆင့်ပွားရောင်းချနေကြတာ။ မန်ဝိန်းဘက်မှာရှိတဲ့ လောင်းကစားဝိုင်းတွေနဲ့လည်း အများကြီးသက်ဆိုင်တယ်"ဟု ၎င်းက ပြောသည်။

ရပ်ရွာအတွင်း မူးယစ်ဆေးဝါးသုံးစွဲကာ ဆေးထိုးအပ်များ စွန့်ပစ်ထားမှုကြောင့် ဒေသခံကလေးများအတွက် စိုးရိမ်ရကြောင်း၊ အိမ်အတွင်းလည်း လုံခြုံစိတ်ချမှုမရှိကြောင်း၊ ယခင်ရွှေမော်များရှိစဉ်က မူးယစ်ဆေးဝါးများရောင်းချခဲ့၍ မူးယစ်ဆေးသုံးစွဲမှု ကျန်ခဲ့ခြင်းဖြစ်ကြောင်းဒေသခံက ဆက်လက်ပြောသည်။

"ကလေးတွေကို ဆိုရင် အမြဲတမ်းလည်း မကြည့်နိုင်ဘူး။ အိမ်မှာဆိုရင်လည်း စိတ်မချရဘူး။ ဘယ်အချိန်သူခိုးဝင်မလဲဆိုတာပဲ စိုးရိမ်နေရတယ်။ အမြဲတမ်း အိမ်မှာ လူရှိရတယ်။ အရင်က ရွှေအရမ်း တူးကြတုန်းကတည်းက မူးယစ်ဆေးက အမြစ်ကျန်နေတာ"ဟု ၎င်းက ပြောသည်။

မန်ဒေါင် ဒေသခံများသည် ဆဒုံး၊ ကန်ပိုင်တီဒေသများရှိ ဘိန်းစိုက်ခင်းများသို့ သွားရောက်လုပ်ကိုင်မှုများ ရှိကြောင်း၊ တစ်နေ့လျှင် မြန်မာငွေ ၂၀၀၀၀ ကျပ်ဝန်းကျင်ရရှိကြောင်း၊ မန်ဒေါင်ကျေးရွာတွင် မူးယစ်ဆေးဝါးတားဆီးရေးများ လုပ်ဆောင်ရာတွင် လက်နက်ကိုင်အဖွဲ့အစည်း၏ အန္တရာယ်ပြုမှုများကိုလည်း ရင်ဆိုင်ရကြောင်း သိရသည်။

မန်ဒေါင်ကျေးရွာအုပ်စုသည် မန်ဒေါင်၊ ထိန်ဆာ၊ ဒွမ်ဘန်၊ မဒိန်ဇွပ်ရာ၊ ဆနီခူး၊ လွယ်ငူးယန်၊ ဘမ်ဘိန်၊ မလိယန်၊ မကိုင်ကျေးရွာ၊ ခိန်နွန်ကောင်ကျေးရွာ၊ ခဝမ်ကျေးရွာ၊ နဒေကူးကျေးရွာ၊ ချောင်းဆုံကျေးရွာ စသည့် ကျေးရွာ ၁၂ ရွာဖြင့် ဖွဲ့စည်းထားပြီး အိမ်ခြေ ၃၀၀၊ လူဦးရေ ၂၀၀၀ ဝန်းကျင် ရှိကြောင်းလည်း သိရသည်။

Ann/ Ah Je

# မြစ်ဆုံဒေသတွင် ကျောက်ရွှေထုတ်ယူရန် ဓာတုပစ္စည်းများအသုံးပြု၍ စမ်းသပ်နေမှုကို ဒေသခံများစိုးရိမ်နေ



မတ်လ ၇

မြစ်ဆုံဒေသ၊ မလိယန်ကျေးရွာအနီးတွင် တရားမဝင် ကျောက်ရွှေတူးဖော်ရန်အတွက် ဓာတုပစ္စည်းများအသုံးပြု၍ စမ်းသပ်မှုပြုလုပ်နေကြောင်း သိရသည်။

အဆိုပါ ကျောက်ရွှေစမ်းသပ်မှုကို ကျေးရွာ၏အထက်ပိုင်းရှိ တောင်ပေါ်တွင် ပြုလုပ်နေခြင်းဖြစ်ပြီး မြစ်ဆုံရေကာတာစီမံကိန်း လုပ်ဆောင်စဉ်က တောင်များကို ဖောက်လုပ်ထားသည့် လိုဏ်ခေါင်းများမှ ကျောက်များကို အမှုန့်ကြိတ်ကာ ကာဗွန်ဟုခေါ်သည့် ဓာတုဆေးများ အသုံးပြုကာ လုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

ထိုကဲ့သို့ ဓာတုဆေးများ အသုံးပြုပြီး တူးဖော်မှုများအပြင် ဒေသခံတို့၏ စိုက်ပျိုးမြေ၌ တူးဖော်မှုများပြုလုပ်လာမည့်အရေးနှင့် ဒေသခံတို့ ခံစားရမည့် ဘေးထွက်ဆိုးကျိုးများအရေးအတွက် ဒေသခံများက စိုးရိမ်နေကြကြောင်း မလိယန်ရွာမှ ဦးမုန်ရာက ပြောသည်။

“ဓာတုဆေးတွေနဲ့ လုပ်တော့မယ်ဆိုရင်တော့ ချက်ချင်းကတော့ ဒီရွာအလယ်မှာ စီးဝင်တဲ့ချောင်းက ငါးတွေကတော့ သေမှာပဲ။ ရေသောက်တဲ့ တိရစ္ဆာန်တွေ၊ ရေဆော့တဲ့ ကလေးတွေအတွက် အန္တရာယ်ဖြစ်စေမှာပဲ။ အဲ့ဒီလို ဒေသခံတွေ ခံရမယ့်သဘော ရှိနေတယ်။ ဒီမှာ ရွှေတူးလာတယ် ဆိုတော့ ကျွန်တော်တို့ စိုးရိမ်တဲ့အချက်တွေက အများကြီးပဲ။ အခုကုန်းပေါ်မှာလုပ်တယ်။ အဲ့ဒီမှာ ရွာသားတွေရဲ့ နှစ်ရှည်ခြံ ရှိတယ်။ အောက်မှာလည်း ခြံရှိတယ်။ ဒါတွေအတွက်လည်း စိုးရိမ်တယ်။ အခု ရွှေသာ ပေါ်ပြီဆိုရင် ဒေသခံတွေအတွက်တော့ ကျောင်းဆောက်ပေးမလား၊ ကားဝယ်ပေးမလား၊ အသင်းတော်ဆောင်တွေ ဆောက်ပေးမလား အဲ့လိုနဲ့ပဲ ပြီးမှာ။ ရစရာအကြောင်း မရှိဘူးလို့ ထင်တယ်”ဟု ဦးမုန်ရာက ပြောသည်။

ကျောက်ရွှေ စမ်းသပ်တူးဖော်ရန် လူ ၁၂ ဦးခန့် ရောက်ရှိလာသဖြင့် ခန့်မှန်းရက် ဖေဖော်ဝါရီလ ၂၀ ဝန်းကျင်ခန့်တွင် မလိယန်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးလဖိုင်နော်အောင်က ထိုသူများကို တွေ့ဆုံမေးမြန်းကာ ဒေသခံများ၏ အကျိုးကို မထိခိုက်စေဘဲ အလေးထားဆောင်ရွက်ရန် ပြောခဲ့ကြောင်း သိရသည်။

“ဒီမှာ ဧည့်စာရင်း လာတိုင်တယ်။ လူ ၁၂ ယောက်ဟုတ်တယ်။ ဘယ်မှာတူးတယ်ဆိုတာတော့ ကျွန်တော်တို့မသိဘူး။ မင်းတို့က ဘယ်သူ တူးခွင့်ပေးလို့၊ စမ်းသပ်ခွင့်ပေးလို့ ကျွန်တော်တို့ ရွာဘက်မှာ လာတာလဲ ဆိုတော့ အဘ လဆန်အောင်ဝါက ကျောက်ရွှေရှာခိုင်းလို့ စမ်းသပ်ခိုင်းလို့ လာရခြင်းဖြစ်တယ်တဲ့ ဆိုတော့လည်း ဘာမှ မပြောတော့ဘူး။ မင်းတို့ ကျောက်ရွှေလုပ်တဲ့လူတွေ ရွာသားတွေနဲ့ အဆင်ပြေအောင်၊ ရွာထဲမှာရှိတဲ့ လူတွေရဲ့ ခြံမြေထဲမှာ ညှိညှိနှိုင်းနှိုင်းနဲ့ အဆင်ပြေအောင် နေကြပါ။ မင်းတို့ သုံးတဲ့ပစ္စည်းတွေ ရွာမှာရှိတဲ့ ကျွဲ၊ နွားတိရစ္ဆာန်တွေကို မထိခိုက်အောင် လုပ်ကြလို့ သူတို့ကို ပြောထားတယ်၊ ကျွန်တော့်အနေနဲ့ လုပ်ပိုင်ခွင့်ပေးတာတို့ဘာတို့တော့ မရှိဘူး”ဟု ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

ထိုသို့ စမ်းသပ်တူးဖော်နေသည့် နေရာသို့ ကချင်ပြည်နယ်အခြေစိုက် သတင်းသမားများ သွားရောက်သတင်းယူရာတွင် စမ်းသပ်မှုပြုလုပ်သည့် စခန်းရှိ အမျိုးသမီးတစ်ဦးက စမ်းသပ်လျက် ရှိနေကြောင်းနှင့် ရွှေရှိ၊မရှိ မသိရသေးကြောင်း၊ ၎င်းတို့ကို ပြည်သူ့စစ်ခေါင်းဆောင်ဦးလဆန်အောင်ဝါမှ စမ်းသပ်ခိုင်းသည့်အတွက် လာရောက် စမ်းသပ်နေခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ယင်းဒေသတွင်ကျောက်ရွှေတူးဖော်ခြင်းကို ယခင်နှစ်ကလည်း စမ်းသပ်လုပ်ကိုင်ခဲ့မှုများ ရှိခဲ့ဖူးကြောင်း ဦးမုန်ရာထံမှ သိရသည်။

မလိယန် ကျေးရွာသည် မြစ်ဆုံ အရှေ့ဘက်ကမ်းရှိ ဒေါင်ဘန်ရွာမှ ဒေသခံများကို မြစ်ဆုံရေကာတာ စီမံကိန်းကြောင်း ပြန်လည်နေရာချထားပေးသည့် ကျေးရွာဖြစ်ပြီး ယင်းကျေးရွာတွင် အိမ်ခြေ ၁၃၀ ခန့်နှင့်လူဦးရေ ၃၀၀ ခန့် နေထိုင်ကြောင်း သိရသည်။

Salai



## Editorial
### အယ်ဒီတာ့အာဘော်

### ပုခက်လွှဲတဲ့လက်များအတွက် မမေ့လျော့သင့်တဲ့ နေ့ထူးနေ့မြတ်

ပထမဆုံးသော အမျိုးသမီးများနေ့ကို အမေရိကန်ဆိုရှယ်လစ်ပါတီက ဖေဖော်ဝါရီလ ၂၈ ရက်နေ့ ၁၉၀၉ ခုနှစ် နယူးယောက်မြို့မှာ အထည်သမများ ဆန္ဒပြခဲ့တဲ့ မတ်လ ၈ရက် ၁၈၅၇ ခုနှစ်ကို အစွဲပြုလို့ ကျင်းပခဲ့ပြီး၊ ၁၉၁၀ ခုနှစ်မှာ နိုင်ငံတကာ အမျိုးသမီးဆိုရှယ်လစ်ကနေပြီး အမျိုးသမီးများနေ့ကို နှစ်စဉ်ကျင်းပဖို့ အကြံပြုခဲ့ပါတယ်။

ဆိုဗီယက်ရုရှားမှာ အမျိုးသမီးထုတွေ တရားဝင်မဲပေးခွင့်ရရှိခဲ့တဲ့ မတ်လ ၈ ရက် ၁၉၁၇ ခုနှစ် နေ့ကို တရားဝင်ရုံးပိတ်ရက်အဖြစ် ကြေညာခဲ့ပါတယ်။ အဲ့ဒီနေ့ကိုအစွဲပြုရာကစပြီး ကမ္ဘာ့ကုလသမဂ္ဂက ၁၉၇၅ ခုနှစ်မှာ “နိုင်ငံတကာအမျိုးသမီးများနေ့”အဖြစ် တရားဝင်အတည်ပြုပြီး ဒီနေ့ထက်တိုင် ကမ္ဘာ့နိုင်ငံအသီးသီးမှာ ကျင်းပနေကြတာပါ။

တချို့နိုင်ငံတွေမှာ အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားပြီး နိုင်ငံအတော်များများကတော့ လစ်လျူရှုထားကြပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း နိုင်ငံတော်အစိုးရကနေဦးဆောင်ပြီး “နိုင်ငံတကာ အမျိုးသမီးနေ့”ကို အလေးထားပြီး ကျင်းပတာမျိုး မတွေ့ရပါဘူး။ တခြားသော နိုင်ငံရေးအဖွဲ့အစည်းတွေ၊ NGOs နဲ့ CSOs တွေကသာ အရေးတယူကျင်းပပေးတာကို တွေ့ရပါတယ်။

ဒီနှစ် “နိုင်ငံတကာ အမျိုးသမီးများနေ့” ကျရောက်တဲ့နေ့မှာ ရဲရင့်မှုနဲ့ ခေါင်းဆောင်မှု စွမ်းရည်တွေ ထူးထူးခြားခြားပြသခဲ့ကြပြီး၊ တရားမျှတမှု၊ လူ့အခွင့်အရေး၊ ကျား/မတန်းတူညီမျှမှု၊ အမျိုးသမီးစွမ်းရည် မြှင့်တင်ရေးတို့အတွက် ဦးဆောင် လှုပ်ရှားနေကြတဲ့ ကမ္ဘာတစ်ဝန်းက အမျိုးသမီးတွေကို အသိအမှတ်ပြုတဲ့အနေနဲ့ ၁၃ ကြိမ်မြောက်သော International Women of Courage Award (IWOC) ဆိုတဲ့ဆုကို ချီးမြှောက်ခဲ့ပါတယ်။

ဒီဆုကို မြန်မာနိုင်ငံသူ နော်ကေညာဖောက လက်ခံရရှိသွားမယ်ဆိုတဲ့အကြောင်း အမေရိကန်သံရုံးက တရားဝင်ဂုဏ်ယူဝမ်းမြောက်စွာ ကြေညာခဲ့ပါတယ်။ ဒီ (IWOC) ဆုကို မြန်မာနိုင်ငံ အပါ ဘင်္ဂလားဒေ့ရှ်၊ ဂျီဗိုလ်းဒီ၊ အီဂျစ်၊ ဂျော်ဒန်၊ အိုင်ယာလန်၊ မွန်တဲလ်နေးဂရိုး၊ ပီရူး၊ စီရီလန်းကား နဲ့ တန်ဇေးနေးယီးယား စတဲ့ နိုင်ငံပေါင်း ၁၀ နိုင်ငံက ရဲရင့်ထူးချွန်တဲ့ အမျိုးသမီးတွေကို ကမ္ဘာ့နိုင်ငံပေါင်းများစွာထဲက ရွေးနုတ်ပြီးပေးခဲ့တာ ဖြစ်ပါတယ်။

နော်ကေညာဖောဟာ ကရင်အမျိုးသမီးများအဖွဲ့ Karen Women's Organization (KWO)ရဲ့ အထွေထွေအတွင်းရေးမှူး တာဝန်ယူပြီး နှစ်ရှည်ကြာ ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဝင်နေသူ တစ်ဦးပါ။ သူနဲ့အတူ ဒီ ကရင်အမျိုးသမီးများအဖွဲ့ဟာ မိမိတို့ရဲ့ အသက်အန္တရာယ်ကို မမှုဘဲ ၂၀၀၄ ခုနှစ်ကတည်းက စလို့ မြန်မာနိုင်ငံတွင်း ဖြစ်ပျက်နေတဲ့ ပဋိပက္ခအမျိုးမျိုးကြောင့် အမျိုးသမီးတွေ ခွဲခြားဆက်ဆံခံရမှုတွေနဲ့ လိင်ပိုင်းဆိုင်ရာ ဖိနှိပ်အနိုင်ကျင့်ခံရမှု စတဲ့အကြောင်းအရာတွေကို မှတ်တမ်းတင်ခဲ့ကြတာပါ။

အလားတူဆုကို ရရှိခဲ့တဲ့ မြန်မာနိုင်ငံသူ နှစ်ဦးရှိခဲ့ပါတယ်။ တစ်ဦးကတော့ ခွဲခြားဆက်ဆံမှု ခံနေရတဲ့ အမျိုးသမီး၊ တိုင်းရင်းသားတွေနဲ့ ဘာသာခြား လူနည်းစုတို့ အရေးကို ဦးဆောင် လှုပ်ရှားမှုတွေ ပြုလုပ်ပြီး၊ Kachin Peace Network ကို ပူးတွဲထူထောင်ကာ Gender Equality Network ရဲ့ အမှုဆောင် အရာရှိချုပ်ဖြစ်သူ ဒေါ်မေစံပယ်ဖြူ ဖြစ်ပါတယ်။ သူဟာ(IWOC)ဆုကို ၂၀၁၅ မှာ ရခဲ့တာပါ။

နောက် တစ်ဦးကတော့ ၂၀၁၃ ခုနှစ်မှာ (IWOC) ဆုကို ရရှိခဲ့ပါတယ်။ သူကတော့ အခုလက်ရှိ လွှတ်တော်ကိုယ်စားလှယ် တာဝန်ထမ်းဆောင်နေပြီး၊ နိုင်ငံရေး အကျဉ်းသမားဟောင်းတစ်ဦးလည်း ဖြစ်ပါတယ်။ သူမဟာ ဒီမိုကရေစီအရေးနဲ့အမျိုးသမီးအရေးမြှင့်တင်ရေးဆိုင်ရာအပြင်ပဋိပက္ခညှိနှိုင်းဆောင်ရွက်ရေး ကိစ္စရပ်များကို သူ့ဘဝတစ်ခုလုံး နှစ်မြှုပ်ပြီး ကြိုးစားခဲ့သူပါ။

သူတို့တွေရဲ့ ကြိုးစားမှုတွေဟာ အမျိုးသမီးထုအတွက်သာမက ပြည်သူအကျိုး၊ နိုင်ငံအကျိုးတွက် တန်ဖိုးမဖြတ်နိုင်တာကြောင့် မြစ်ကြီးနားသတင်း ဂျာနယ်ကလည်း ဂုဏ်ပြုပါကြောင်း ရေးသားလိုက်ရပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်

မြစ်ကြီးနားသတင်းဂျာနယ်
(မတ် ၁၁ ၊ ၂၀၁၉)

# ဝန်ကြီးချုပ်များကို သမ္မတက ခန့်အပ်ခြင်းသည် ဒီမိုကရေစီကျင့်စဉ်နှင့် မညီ၍ ခြေ / ဥ ပြင်ဆင်သင့်ကြောင်း ဒေါက်တာ တူးဂျာထောက်ခံ



မြစ်ကြီးနား၊ မတ်လ ၈

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၆၁ (ခ)သည် ဒီမိုကရေစီကျင့်စဉ်နှင့် မကိုက်ညီသည့်အတွက် ပြင်ဆင်သင့်သည့် ပုဒ်မတစ်ခုဖြစ်ကြောင်း ကချင်ပြည်နယ် ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ ဒေါက်တာတူးဂျာက ပြောသည်။

လက်ရှိတွင် ပုဒ်မ ၂၆၁ (ခ)ကို ပြင်ဆင်ရေး၊ မပြင်ဆင်ရေး၊ ချန်ထားရေး အငြင်းပွားမှုသတင်းများ ထွက်ပေါ်နေခြင်းအပေါ် သူ၏အမြင်ကို ဒေါက်တာတူးဂျာက ပြောဆိုခြင်း ဖြစ်သည်။

"၂၆၁(ခ)မှာ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီး ဝန်ကြီးချုပ်ကို သမ္မတက ရွေးချယ် ခန့်အပ်ရမယ်ဆိုတာ ထည့်ထားတယ်။ ဒါက ဗဟိုချုပ်ကိုင်မှုနဲ့ သွားတဲ့စနစ် ဖြစ်နေတယ်။ ဒါကြောင့် ကျွန်တော်တို့ပြင်စေချင်တာက ရွေးကောက်ပွဲပြီးတဲ့အခါမှာ ပြည်နယ်လွှတ်တော်က ဝန်ကြီးချုပ် ရွေးချယ်ရမယ်။ ပြီးရင် လွှတ်တော်အတွင်းမှာ မဲခွဲရမယ်။ မဲအများဆုံး ရတဲ့ပုဂ္ဂိုလ်ကို ဝန်ကြီးချုပ်အဆင့် ရွေးချယ်ပြီး သမ္မတကို တင်ပြရမယ်။ ဒါကို သမ္မတက ခန့်အပ်ပေးရမယ်။ သမ္မတ တာဝန်က ခန့်အပ်ပေးဖို့ပဲ ရှိတယ်။ အဲ့လို သွားသင့်တယ်လို့ ကျွန်တော်မြင်တယ်။ ဒီလိုဆိုလို့ရှိရင် ဒီမိုကရေစီစနစ်နဲ့ကိုက်ညီမှု အပြည့်အဝရှိတယ်"ဟု ဒေါက်တာတူးဂျာက ပြောသည်။

ယင်းပုဒ်မတွင် နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် (၁)သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထဲမှ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသောသင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်ရမည်၊ (၂)ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ပေးပို့လျက် သဘာတူညီချက် ရယူရမည်ဟု ပြဋ္ဌာန်းထားသည်။

"ဘယ်သူပဲ အကျိုးရှိဖြစ်ဖြစ်၊ အကျိုးယုတ်မှာဖြစ်ဖြစ် ဒီမိုကရေစီကို ရှေ့ထားပြီးတော့ ပြင်ကိုပြင်သင့်တယ်လို့ ကျွန်တော်မြင်တယ်။ ဒါကို ပြင်လိုက်တဲ့အတွက်ကြောင့် တစ်ဖွဲ့တစ်စည်း၊ တစ်ပါတီ၊ တစ်ဦးတစ်ယောက် အမြတ်ရသွားလို့ရှိရင်တော့ ဒါ ဒီမိုကရေစီပဲ လုပ်ရမယ်။ ပြောင်းပြန်အနေနဲ့ နစ်နာသွားမယ်ဆိုရင် ဒါ ဒီမိုကရေစီပဲ လက်ခံရမယ်။ ဒါ ပြင်ကိုပြင်သင့်တယ်။ ဘာ အကြောင်းပြချက်မှ မရှိသင့်ဘူး၊ ဘာအကြောင်းပြချက်နဲ့မှ ချန်လုပ်မထားသင့်ဘူးလို့ ကျွန်တော်မြင်တယ်"ဟု ဒေါက်တာတူးဂျာက ပြောသည်။

တိုင်းနှင့်ပြည်နယ် ဝန်ကြီးချုပ်များ ခန့်ထားရာတွင် သက်ဆိုင်ရာ တိုင်းနှင့်ပြည်နယ်လွှတ်တော်များက တိုက်ရိုက်ရွေးချယ်နိုင်ရေး ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၆၁ ကို ပြင်ဆင်ရန် ဥပဒေကြမ်းတစ်ခုကို ဖေဖော်ဝါရီလက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးက တင်သွင်းခဲ့ဖူးသည်။

"ပြည်နယ်နဲ့ တိုင်းဒေသကြီးမှာရှိတဲ့ ဝန်ကြီးချုပ်ကို ပြည်နယ်နဲ့ တိုင်းဒေသက ရွေးချယ်ပြီး ခန့်ထားခွင့်ရအောင် ပြင်ဆင်ပေးလိုက်တာဖြစ်ပါတယ်။ ဒါမှလည်း အမျိုးသား ညီညွတ်ရေးရော၊ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးရော၊ နောက်တစ်ခုက လွှတ်လပ်ပြီးတရားမျှတတဲ့ အခွင့်အရေးတွေ ပိုရလာနိုင်မယ်"ဟု နေပြည်တော်တွင် သတင်းမီဒီယာများနှင့်တွေ့ဆုံစဉ် ဦးသောင်းအေးက ပြောကြားထားသည်။

လက်ရှိအချိန်တွင် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မများကို ပြင်ဆင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်တွင် ကော်မတီဖွဲ့စည်းထားပြီး ပြင်သင့်ပြင်ထိုက်သည်များကို ညှိညှိနှိုင်းနှိုင်းဖြင့် တစ်ချက်ခြင်းပြင်ဆင်သွားရန် လိုအပ်သည်ဟုလည်း ဒေါက်တာတူးဂျာက ထပ်မံသုံးသပ်ပြောဆိုသည်။

"အရင်ကတပ်မတော်ကလည်း ဒါကိုပြင်ဖို့အပိုင်းမှာ သိပ်သဘောမတူချင်ဘူး။ ဒါပေမဲ့ ခု တပ်မတော်ဘက်ကလည်းပြောနေပြီ။ မပြင်ရဘူးလို့မပြောပါဘူး။ ပြင်သင့်ပြင်ထိုက်တာတော့ ပြင်ရမှာပဲဆိုတဲ့အသံတွေ ထွက်လာတော့ ညှိညှိနှိုင်းနှိုင်းနဲ့ တပ်မတော်၊ လွှတ်တော်၊ တိုင်းရင်းသားအဖွဲ့အစည်း၊ ပါတီနဲ့ပေါ့ လွှတ်တော်မှာ လူစုံနေတာပဲ အဲ့မှာ ညှိညှိနှိုင်းနှိုင်းနဲ့ တစ်ချက်ချင်း တစ်ချက်ချင်းကို ပြင်သွားသင့်တယ်"ဟု ဒေါက်တာတူးဂျာက မြစ်ကြီးနားသတင်း ဂျာနယ်သို့ပြောသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီ တစ်ရပ်ကို ဖေဖော်ဝါရီလ ၁၉ ရက်နေ့က ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် မဲခွဲကာ အတည်ပြု ဖွဲ့စည်းခဲ့သည်။

ပူးပေါင်းကော်မတီ ဖွဲ့စည်းရေးတွင် လွှတ်တော်အတွင်း ကိုယ်စားလှယ်ဦးရေ အချိုးအစားအရ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ၁၈ ဦး၊ တပ်မတော်သား ကိုယ်စားလှယ် အစုအဖွဲ့က ၈ ဦး၊ ကြံ့ခိုင်ရေးပါတီက ၂ ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်က ၂ ဦး၊ ရခိုင်အမျိုးသားပါတီက ၂ ဦးအပြင် ကျန်ပါတီမှ ကိုယ်စားလှယ်များ ၁ ဦးစီနှင့်တစ်သီးပုဂ္ဂလတစ်ဦးတို့ဖြင့် စုစုပေါင်း ၄၅ ဦးဖြင့် ဖွဲ့စည်းသွားမည် ဖြစ်သည်။

Salai

# ကချင်ပြည်နယ်ရှိ တားမြစ်ထားသော ကုန်ပစ္စည်းများကို ရွေ့လျားဓာတ်ခွဲယာဉ်ဖြင့် စစ်ဆေးမှု ပြုလုပ်သွားမည်



မြစ်ကြီးနား၊ မတ် ၈

ကချင်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ကွင်းဆင်း၍ ဈေးများမှ အစားအသောက်၊ အလှကုန်များ နမူနာကောက်ယူပြီး ရွေ့လျားဓာတ်ခွဲယာဉ် (Mobile Laboratory Van) ဖြင့် စစ်ဆေးမှုပြုသွားမည့် အစီအစဉ်ကို မတ်လဒုတိယပတ်မှစတင်ကာပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆွေးနွေးသည့် အစီအစဉ်ကို မတ်လ ၇ ရက်နေ့က ကချင်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ကချင်ပြည်နယ်ရုံးတွင် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

၎င်း အခမ်းအနားသို့ ပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်နယ် တိမွေး/ကုရုံး၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ခရိုင်ထွေ/အုပ်၊ ခရိုင်ကျန်းမာရေး၊ ပြည်နယ် စိုက်ပျိုးရေး ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနနှင့် မြစ်ကြီးနားဆေးရုံကြီး အစရှိသောဌာနများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးမှု အပြီး၌ တားမြစ်ထားသော အစားအသောက်များ၊ အလှကုန်ပစ္စည်းများ အစရှိသည်တို့ ရောင်းချနေသည်ကို တွေ့ရှိပါက အစားအသောက် ဥပဒေ၊ စားသုံးသူကာကွယ်ရေး ဥပဒေများ အစရှိသော ပြဋ္ဌာန်းထားသည့် ဥပဒေအတိုင်း အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ တာဝန်ခံ ဒေါက်တာ တင်ထွန်းဦးက ပြောကြားခဲ့သည်။

"လက်ရှိ အခြေအနေအရ အစားအသောက်ဥပဒေ၊ စားသုံးသူ ကာကွယ်ရေး ဥပဒေတွေ ရှိတယ်။ တားမြစ်ထားတာတွေ ဈေးဆိုင်တွေမှာ ရောင်းချနေတာတွေ့ရင် သူတို့ကို သတိပေးမယ်၊ ကုန်ပစ္စည်းပေါ် မူတည်ပြီးတော့ အရေးယူ ဆောင်ရွက်သွားမယ်။ ရောင်းချတဲ့ သူတွေကို ဒီအစားအသောက်က အရမ်းကို အန္တရာယ်ရှိသလား၊ အစားအသောက်ပေါ် မူတည်ပြီးတော့ အရေးယူမှုတွေ လုပ်သွားမယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

၎င်း ရွေ့လျားဓာတ်ခွဲယာဉ် (Mobile Laboratory Van) ဖြင့် အစားအသောက်၊ ကုန်ပစ္စည်းများ စစ်ဆေးသွားမည့် အစီအစဉ်ကို ယခုလမှ စတင်ကာ ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ ဗန်းမော်ခရိုင် အစရှိသော မြို့နယ်အသီးသီးသို့ သွားရောက်စစ်ဆေးမှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

Benadeth



**တုတ်ထိုး** - အုန်းသီးရောင်းတော့မယ်။ ပန်းရောင်းတော့မယ်ဗျို့။
**အိုးပေါက်** - ဘာလဲ၊ အလုပ်အကိုင် မကောင်းလို့ အုန်းသီးတွေ ပန်းတွေ ရောင်းတဲ့ဘက် ပြောင်းလုပ်တော့မလို့လား။

**တုတ်ထိုး** - ဟုတ်တယ်ဗျို့။
အိုးပေါက် - ဘာဖြစ်လို့တုန်း။

**တုတ်ထိုး** - ဆယ်တန်းစာမေးပွဲတွေ ဖြေနေကြတယ် မဟုတ်လား။ ဆယ်တန်းနှစ်ချင်းပေါက် အောင်ဖို့၊ ဂုဏ်ထူးတွေနဲ့ အောင်ဖို့ ဘုရားမှာ ကန်တော့ပွဲတွေ ပေးကြတယ်။ တချို့က နတ်တွေကို ပူဇော်ပသကြတယ်။
**အိုးပေါက်** - ဘုရားမှာ ပန်းကပ်တာ၊ ကန်တော့ပွဲ ကပ်တာ ကောင်းပါတယ်။ ဒါပေမဲ့ စာမေးပွဲအောင်အောင်လုပ်ဖို့ကတော့ ကိုယ်တိုင်ကြိုးစားတည်ဆောက်ကြရမှာပါပဲ။

**တုတ်ထိုး** - တချို့တွေက နတ်တွေကို ပူဇော်ပသကြတယ်။ ၃၇ မင်း ကယ်ပါ။ မ,စပါ။ တိုးတက်အောင် လုပ်ပေးကြပါနဲ့။ နတ်တွေက ဘာတတ်နိုင်မှာတုန်း။ သူတို့ နတ်မဖြစ်ခင်တုန်းက ဓာတုတွေ၊ ရူပတွေ မသင်ခဲ့ရတော့ ဘာမှလည်း လုပ်ပေးနိုင်မှာ မဟုတ်။ သူတို့ နတ်တွေတောင် ဒါတွေ သင်ခဲ့ရမှာ မဟုတ်ဘူး။ အဟိ။ ဒီတော့ ဟိုနတ်ကယ်ပါ၊ ဒီနတ် ကယ်ပါနဲ့ နတ်တွေကို ဒုက္ခမပေးကြပါနဲ့။ တချို့နတ်တွေဆို နတ်နေကိုင်းတောင် မကျန်အောင် သစ်ပင်ခုတ်တဲ့ လူတွေကြောင့် သူတို့ကိုယ်တိုင်တောင် ဘုံပျောက်နေတာ ကိုယ်တွေကို စာမေးပွဲ အောင်အောင် ဘယ်လိုလုပ်ပေးချိန်ရမှာတုန်း။ ဟဲဟဲဟဲ။ နတ်တွေကိုဒုက္ခမပေးကြပါနဲ့။

**အိုးပေါက်** - မှတ်တောင်ထားရဦးမယ်။

**တုတ်ထိုး** - ဒါနဲ့ ဘာသတင်းထူးတွေကြားမိတုန်း။
**အိုးပေါက်** - ထိတ်လန့်စရာကောင်းတဲ့ ဆောင်းပါးတစ်ပုဒ် ဖတ်မိတယ်ဗျို့။

**တုတ်ထိုး** - ဘာများတုန်းဗျာ။
**အိုးပေါက်** - မတ်လ ၃ ရက်နေ့ထုတ် 7 Day Daily မှာ ပါတဲ့ ဆောင်းပါးဖတ်ကြည့်ဗျ။ Asia Times မှာ ဘာတေးလင့်တနာ ရေးထားတဲ့ Achintown Mysteriously emerges in backwoods Myanmar ဆိုတဲ့ ဆောင်းပါးကို ဆောင်းပါးရှင် "ဇွဲရဲဝင့်" က ဘာသာပြန်ထားတဲ့ ဆောင်းပါးဗျ။ "မြန်မာနိုင်ငံ အစွန်အဖျားမှာ ပဟေဠိဆန်ဆန် ပေါ်ထွန်းလာတဲ့ တရုတ်မြို့"တဲ့။

**တုတ်ထိုး** - ဘယ်လို။ တရုတ်မြို့။ ဟုတ်လား။
**အိုးပေါက်** - ဟုတ်တယ်ဗျို့။ သောင်ရင်းမြစ်ကမ်းဘေးမှာ ရွှေကုက္ကိုဆိုတဲ့ မြို့လေးပေါ့။ တရုတ်အစိုးရရဲ့ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု၊ မဟာစီမံကိန်း (Belt and Road Initiative)ရဲ့ ရဲတင်းပြီး ပြောင်ကျလွန်းတဲ့ အစိတ်အပိုင်းတစ်ခုလို့ ဆိုနိုင်တယ်တဲ့ဗျ။ ဒီ မြို့လေးဟာ ခဲ့ထွင်တည်ဆောက်နေဆဲဖြစ်ပေမယ့် တရုတ်အငွေ့အသက်တွေ လွှမ်းခြုံနေပြီဗျ။ စားသောက်ဆိုင်တွေ၊ အလှပြင်ဆိုင်တွေ၊ ကာရာအိုကေခန်းမတွေ ရှိတယ်။ စစ်တန်းလျားဆန်ဆန် အဆောက်အဦတွေ ရှိတယ်။

**တုတ်ထိုး** - ဆောက်လုပ်ရေး ပရောဂျက်တစ်ခုခု အကောင်အထည်ဖော်နေကြတာလားမှ မသိတာဗျာ။
**အိုးပေါက်** - တရုတ်က တာဝန်ယူထားတဲ့ ဆောက်လုပ်ရေး ပရောဂျက်တစ်ခုခု အကောင်အထည် ဖော်နေတာမျိုး မဟုတ်ဘူးလို့ ရေးထားတာပဲဗျို့။ ပြီးတော့ မြို့တည်ရှိရာ အနီးတစ်ဝိုက်ဒေသခံတွေကို ဒေသခံတိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့ ခေါင်းဆောင် တစ်ဦးဖြစ်တဲ့ စောချစ်သူက ထိန်းချုပ်ထားတာတဲ့။ သူဟာ မြန်မာ့တပ်မတော်နဲ့ ငြိမ်းချမ်းရေး သဘောတူညီမှု တည်ဆောက်ပြီး တရားဝင် အသိအမှတ်ပြု နယ်ခြားစောင့်တပ်ဖွဲ့အသွင် ပြောင်းလဲ တာဝန်ယူနေသူတဲ့ဗျာ။ ပြီးတော့ တရုတ်တွေ လတ်တလော တည်ဆောက်နေတဲ့ပရောဂျက်မှာဧက ၂၀၀၀ လောက် မြေနေရာကို ရယူထားသတဲ့။

**တုတ်ထိုး** - ဒါဆို ဒီ စီမံကိန်းက အကြီးကြီးပါလားဗျာ။
**အိုးပေါက်** - ဒီ စီမံကိန်းရဲ့ အနာဂတ်က ဘာတွေဖြစ်လာနိုင်မယ်ဆိုတာ မှန်းရခက်ပါလိမ့်မယ်။ ဆောင်းပါးရှင်ကတော့ ရေးထားတယ်။ "...တရုတ်သမ္မတစီကျင်းပင် အကောင်အထည်ဖော်နေသည့် ဒေါ်လာတစ်ထရီလီယံတန် ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခုစီမံကိန်းမှ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ယခုပရောဂျက်ကို မှတ်ယူရပေတော့မည်။ ..... ကမ္ဘာအနှံ့အထိ တိုက်ရိုက်ဆက်သွယ်ရန် ရည်ရွယ်ထားသော မဟာဗျူဟာစီမံကိန်းကြီးဖြစ်သည်။ ....၊ ရွှေကုက္ကိုသည် စည်ကားအချက်အချာကျသည့် နေရာမျိုးတွင် တည်ဆောက်ထားခြင်း မဟုတ်ပြန်ချေ။ ... ရွှေကုက္ကိုသည် မြန်မာနှင့်ထိုင်းတို့ကို ဖြတ်သန်းသွားသည့်မဟာဗျူဟာကုန်သွယ်ရေးလမ်းကြောင်းကြီး ဖြစ်သည့် AH1 ကို စောင့်ကြည့်ရန်နှင့် တောင်ထူထပ်ရာ နယ်စပ်ဒေသများတွင် ဆက်လက်တည်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင် လှုပ်ရှားမှုကို တန်ပြန်ထိန်းချုပ်ရန် အရေးပါသည့် နေရာတစ်ခု ဖြစ်လာနိုင်သည်"လို့ ဆောင်းပါးရှင်က သုံးသပ်ထားတာ ဖတ်ရပါတယ်။

**တုတ်ထိုး** - တရုတ်ပြည်သူ့သမ္မတ မြန်မာနိုင်ငံတော် ဆိုတာ တကယ်ဖြစ်တော့မှာလားဗျာ။
**အိုးပေါက်** - အရှေ့တံခါးက ကျိုးပေါက်၊ အနောက်တံခါးက မလုံခြုံ၊ ပြည်တွင်းစစ်က လောင်အားကောင်း၊ ဆင်းရဲမွဲတေမှုက နေမြဲ၊ တရားဥပဒေစိုးမိုးရေးက မျှော်နိုင်သမျှတော့ ... မျှော်ဦးနော် ဖြစ်နေ၊ ဒီကြားထဲ လွှတ်တော်ထဲ ထိုင်ထလုပ်တဲ့သူနဲ့ ...။ ပြည်သူ့လုပ်စာကို ထိုင်စားပြီး ကြားနေမယ့် လူတွေနဲ့၊ မြစ်ဆုံစီမံကိန်းကလည်း သင်ဇာဝင့်ကျော် လောက်မှ ပွင့်လင်းမြင်သာမှု မရှိတော့ အုန်းပွဲငှက်ပျောပွဲထမ်းပြီး ဆုတောင်းရဦးမယ့်ကိန်းတောင်ဆိုက်နေပါပြီဗျာ။

**တုတ်ထိုး** - ကမ္ဘာကျော် အီစွတ်ပုံပြင်ထဲကလို နားရွက်လေး ဝင်ခွင့်တောင်းလိုက်၊ နှာခေါင်းလေး ဝင်ခွင့်တောင်းလိုက်၊ ခေါင်းလေးဝင်ခွင့်တောင်းလိုက်နဲ့ နောက်ဆုံးတော့ ကုလားအုပ်ရဲ့ တစ်ကိုယ်လုံး အိမ်ထဲဝင်လာခဲ့ရသလို အဖြစ်မျိုး ကျုပ်တို့ဆီမှာ ဖြစ်တော့မယ် ထင်ပါရဲ့။ ဒီအတွက် အားလုံး သတိရှိကြရမယ်ဗျို့။ အနောက်တံခါးကြည့်နေချိန်မှာ အရှေ့တံခါးကို မျက်ခြေမပြတ်ဖို့ လိုတယ်။
**အိုးပေါက်** - ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ကြိုးပမ်းနေကြတဲ့ အချိန်အတွင်းမှာ ဘယ်ကရောက်လာတယ်မသိတဲ့ လူအုပ်ကြီးတွေ ရောက်လာတာမျိုးကိုလည်း သတိရှိကြရမယ် ခင်ဗျ။

**တုတ်ထိုး** - ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အချုပ်အခြာအာဏာဆိုတာ ပြည်သူကတစ်ဆင့် သက်ဆင်းမှသာ တကယ့်အနှစ်သာရ ဖြစ်ပါမယ်။
**အိုးပေါက်** - ကျုပ်ကတော့ ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရေးကို အပြည့်အဝ ထောက်ခံပါတယ်ဗျို့။

**တုတ်ထိုး** - ထောက်ခံတယ်ဆိုတော့ ဘာလဲ။ ၂၀၀၈ ဖွဲ့စည်းပုံကို အကုန် ဖတ်ထားပြီးပြီဆိုတဲ့ သဘောပေါ့။
**အိုးပေါက်** - အကုန်လုံးတော့ ထုံးလိုချေ၊ ရေလိုနှောက်ပြီး မဖတ်မိသေးပါဘူးဗျာ။ လက်လှမ်းမီသလောက် ဖတ်တာပါပဲ။ ဒါပေမဲ့ ကျုပ်ထောက်ခံတာ ဟိုလူတွေက ၂၀၀၈ ဖွဲ့စည်းပုံကို အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ကြမယ့်ပုံပေါက်နေတော့ ဘာမှစဉ်းစားစရာ မလိုဘူး။ သူတို့ဘက် ကြည့်နေလို့ပေါ့။ ပြည်သူ့ဘက် မကြည့်လို့ပေါ့။ ဒါနဲ့တင် ကျုပ်အတွက် ၂၀၀၈ ဖွဲ့စည်းပုံ ပြင်ဆင်ရေးကို ထောက်ခံဖို့ လုံလောက်နေပါပြီဗျာ။ ၂၀၀၈ ဖွဲ့စည်းပုံဟာ ကျုပ်တို့ပြည်သူအပေါ် အုပ်မိုးထားတဲ့ ဓားစက်တွေလို့ သဘောထားမိပါတယ်ဗျာ။ ဒါကြောင့် ပြည်သူတစ်ယောက်အနေနဲ့ ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရေးကို အပြည့်အဝ ထောက်ခံကြိုဆိုကြောင်းပါဗျာ။

**တုတ်ထိုး** - ကျုပ်တို့ ပြည်သူတွေအနေနဲ့ ကြက်သွန်ဖြူလို စုစည်းပြီး ကျီးလို ဝိုင်းအာဖို့ လိုနေပြီခင်ဗျာ။ မြစ်ဆုံစီမံကိန်းကိစ္စမှာလည်း ဝိုင်းအာကြဖို့ လိုပါတယ်။
အိုးပေါက် - ဒါနဲ့ တရုတ်နဲ့ ပတ်သက်ပြီး ဝိုင်းအာစရာ တစ်ခု ရှိတယ်။

**တုတ်ထိုး -** ဘာပါလိမ့်ဗျာ။
**အိုးပေါက်** - သခင်စစ်ကုမ္ပဏီနဲ့မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်တွေကိစ္စလေ။ လူကို ဂျာနယ်နဲ့ ရိုက်တယ်။ ထိုင်ထ လုပ်ခိုင်းတယ်။ ဒါဟာ မတရားမှုပါပဲ။ လူသားဆန်မှု မရှိတာပါပဲ။ ယုတ်မာပက်စက်တာပါပဲ။ ဒါဟာ အနိုင်ကျင့်တာပါပဲ။ ခင်ဗျား စဉ်းစားကြည့် အချိန်မီ သိကြလို့ပေါ့။ အဲ့ဒီလိုသာ မဟုတ်ဘဲ ခြေလွန်လက်လွန်တွေ ဖြစ်ကုန်ရင် ဘယ်လိုလုပ်မလဲ။ နည်းမှန်လမ်းမှန်နဲ့ ဖြေရှင်းရမယ့် ကိစ္စမှာ အကြမ်းဖက်တဲ့အသွင်တွေနဲ့ ဖြေရှင်းတာ မှားတာပေါ့။

**တုတ်ထိုး** - ဒါဟာ မီဒီယာတွေအပေါ်မှာ ချိုးနှိမ်အနိုင်ကျင့်တဲ့သဘောပဲ။ တရားဥပဒေ ဘယ်လဲ ဘာလဲ။ အရင် ဦးသိန်းစိန် အစိုးရလက်ထက်ကလို တစ်သက်တစ်ကျွန်းဆိုတာ ခုနှစ်ရက် ပြောင်းလဲသွားတာမျိုး ဖြစ်ဦးမှာလား။
**အိုးပေါက်** - ပြောလို့ မရဘူး။ တရုတ်ရှိခိုး သွားမကျိုး ဖြစ်နေတာ မဟုတ်လား။ တရုတ် ကျေးဇူး ကြီးလှတယ်ဆိုတဲ့စကားကလည်း အဘတွေလက်ထက်မှာ ရေပန်းစားခဲ့ကြတယ် မဟုတ်လား။
**တုတ်ထိုး** - မီဒီယာရဲ့ အခန်းကဏ္ဍကို သေးသိမ်သွားအောင် လုပ်လိုက်တဲ့ကိစ္စပါပဲ။ သတင်းမီဒီယာတွေကို စော်ကားလိုက်တာဖြစ်သလို တရားဥပဒေစိုးမိုးရေးကိုနားရွက်တံတွေးဆွတ်လိုက်တာပါပဲ။ သတင်းသမားတွေရဲ့ လုံခြုံရေး၊ အသက် စိတ်ချမှု မရှိတော့တဲ့ အနေအထားလို ဖြစ်သွားတာ။ ဗဟိုအစိုးရ ဘာလုပ်မှာလဲ။ ပြည်နယ်အစိုးရ ဘာလုပ်ပေးမှာလဲ။
အိုးပေါက် - ဒီတော့။


**တုတ်ထိုး** - သတင်းထောက်နှစ်ဦးကို ကိုယ်ထိလက်ရောက် စော်ကား၊ ဖမ်းဆီးနှိပ်စက်တဲ့ကိစ္စကို အပြင်းအထန် ကန့်ကွက်ပါတယ်။
**အိုးပေါက်** - အမှန်တရားသည်သာ ထာဝရအောင်ပွဲခံနိုင်ပါစေ။ ပြည်သူသည်သာ အရှင်၊ ပြည်သူသည်သာ သခင်စစ် ဖြစ်ပါစေ။

**တုတ်ထိုး** - ၂၀၀၈ ဖွဲ့စည်းပုံဘေးအပါအဝင် ရေဘေး၊ မီးဘေး၊ လေဘေး၊ ရေကာတာဘေး၊ ကြားနေမဲဘေး၊ ထိုင်ထဘေးများနဲ့ တရုတ်ဘေးများမှလည်း ကျုပ်တို့ မြန်မာပြည်သူပြည်သား အပေါင်း အုပ်ချုပ်သူ မင်းအစိုးရအပေါင်းတို့သည် လွတ်ကင်းတော် မူကြပါစေသတည်း။
**အိုးပေါက်** - ဝမ်ဈွေ့၊ ဝမ်ဈွေ့၊ ဝမ်ဝမ်ဈွေ့။

**တုတ်ထိုး** - ကောင်းလင့်တည်း၊ ကောင်းလင့်တည်း။ ။



# ဦးလေးပြောပြမယ်



စာရေးဆရာ၊ သတင်းစာဆရာကြီးဇဝနကို ကောလိပ်ဂျင်ဝတ္ထုနှင့် တွဲ၍သိကြသည်။ ရုပ်ရှင်မင်းသားကြီး ကောလိပ်ဂျင်နေဝင်းသည် ကောလိပ်ဂျင်ကြောင့် ကောလိပ်ဂျင်နေဝင်း ဖြစ်လာခဲ့သည်။ ထို့ကြောင့် ကောလိပ်ဂျင်နေဝင်းသည် ဇဝနကို သွားရောက်ဂါရဝပြု ကန်တော့ခဲ့သည်။ ဇဝနသည် သခင်သန်းထွန်း၊ သိန်းဖေ၊ ကာတွန်းဦးဘကလေး၊ ဦးဟိန်းစွန်း၊ ဦးဉာဏ၊ ဦးထွန်းဖေစသော နိုင်ငံရေးသမား၊ စာရေးဆရာများနှင့် ပေါင်းသင်းခဲ့သည်။ ဂျပန်ခေတ်တွင် ဖက်ဆစ်ကို ဟာသနှင့် တိုက်ခဲ့သူဖြစ်သည်။ ဆရာကြီး၏ ရွှင်ရွှင်သွက်သွက် ပေါ့ပါးစွာ ရေးဟန်ကို လူကြိုက်များခဲ့သည်။ ဦးလေးပြောပြမယ်တူမောင် အပါ ပုံပြောမယ်၊ ဇဝနစာပြောင်တို့မှာ ထင်ရှားသည်။

တစ်ခုသော ဦးလေးပြောပြမယ်ထဲတွင် ကချင်ပြည်နယ်အကြောင်း ပါလာသည်။ နိုင်ငံအတော်များများတွင် စာရေးဆရာများ၊ စာနယ်ဇင်းသမားများကို ခရီးထွက်နိုင်ရန် အစိုးရက ပံ့ပိုးပေးသည်။ မြန်မာပြည်တွင်တော့ အများစုမှာ ထမင်းဝအောင်ပင် မနည်း ကြိုးစားနေရသမို့ ဘယ်ခရီးမျှမထွက်နိုင်ကြ။

"ဝန်ကြီးတွေ ဗမာပြည်အနှံ့၊ တိုင်းခန်းလှည့်လည်နေတာပဲ။ အဲဒီလိုသွားတဲ့အခါ စာရေးဆရာတစ်ယောက်လောက် ခေါ်သွား၊ နှစ်ယောက်ခေါ်သွား။ အဲဒီလိုခေါ်သွားရင် စရိတ်လည်း အထူးမကုန်ဘဲ ကိစ္စပြီး နိုင်ပေတာပဲ။ ရေးစရာမြင်ရင် ရေးကြမှာပဲ။ အဲဒီလို ရေးစရာမြင်ဖို့ကို လုပ်ပေးဖို့က အစိုးရဟာ အတတ်နိုင်ဆုံးပဲ"ဟု ဇဝနက ပြောခဲ့သည်။

ဇဝန ကချင်ပြည်နယ်ရောက်သောအခါ ဖွံ့ဖြိုးတိုးတက်မှု အားနည်းသည်ကို မြင်ရသည်။ ကချင်မလေးများ အဝတ်အစားဆင်းရဲသည်။ မြေပြန့်မှ ခေတ်ပညာတတ် ဂျင်းဖောမယ်လေးများကျတော့ ရုပ်ရည်၊ဝတ်စားပုံက မယ်ဗမာရှုံးလောက်သည်။ ကချင်ပြည်နယ်တွင် ရာဇသတ် ကျင့်ထုံးထက် မိရိုးဖလာ ဓလေ့ထုံးစံကို လိုက်နာကြသည်ကို လေ့လာမိသည်။ လက်တစ်လုံးခြား လှည့်ပတ်လို့ရသည့် ဥပဒေများကို ရိုးသားသည့် ကချင်များက မလိုလားကြ။ ထို့ကြောင့် ကချင်ပြည်နယ်ဟူ၍ ဖြစ်လာသောအခါ ကချင်အမျိုးသားတစ်ဦး စိတ်ထဲတွင် ခုလုကလေးဖြစ်နေရသည်။ ကချင်သံဝဲဝဲလေးဖြင့် ပြောသည်။

"ငါတို့ ကချင်တွေက၊ မင်းတို့ဗမာတွေကို အုပ်ချုပ်ရတော့မယ်။ တာပေမဲ့ ငါတို့ကလည်း အုပတေ (ဥပဒေ) နားမလည်၊ မင်းတို့ဗမာတွေကလည်းကလိန်ကျတော့ အားကြီးစိတ်ညစ်တာပဲဟာ"ဟု ပြောဖူးသတဲ့။

ကချင်လူမျိုးများတွင် လျော်ကြေးပေးရသည့် ရှဝါရှားဓလေ့ကိုလည်း ဇဝနစူးစမ်းမိသည်။ မျက်နှာပျက်အောင် လုပ်သည့်အတွက် မျက်နှာပြင်ပေးရမည် ဆိုသည့်သဘော။ ဇဝနသည် မြစ်ကြီးနားသို့ ခရစ်စမတ်ပွဲကြီး ရောက်သည်။ မြို့ပေါ်မှ လူများအနီးအနားကချင်ရွာများသို့ ပျော်ပွဲစားထွက်ကြသည်။ ဇဝနနှင့်မိတ်ဆွေတစ်စုလည်းမြစ်ဆုံသို့သွားခဲ့ကြသည်။ ဇဝန၏အခြားမိတ်ဆွေတစ်စုက ရွာလေးတစ်ရွာသို့ ရောက်သွားကြသည်။ ရွာတွင် အရက်ဝယ်ရင်း ဆိုင်မှ ကချင်မလေးကို စကြ နောက်ကြ ပြောင်ကြသည်ဟူ၏။ ကျီစားလွန်းတော့ သည်းမခံနိုင်တော့သည့် ကချင်မလေးက ထဘီလှန်ပြပါတော့သည်။ ထိုအခါ စနောက်ကြသည့်လူတွေကပဲ သူတို့အရှက်ရကြောင်း၊ မျက်နှာပျက်ကြောင်း၊ ရှဝါရှား တောင်းကြလေတော့သည်။ မိန်းကလေးလည်း မတတ်နိုင်တော့ဘဲ ဆိုင်ထဲက အရက်ကို သဘောရှိသောက်ကြဟုဆိုကာ အရက်ဖြင့် လျော်ကြေးပေးလိုက်လေတော့သည်။

ရှဝါရှားတဲ့ ပုံပြင်လေးတစ်ပုဒ်လည်း ရှိသေးသည်။ တစ်ခါက ကချင်လူလည်နှင့် ဗမာလူလည်သည် တစ်ဦးကိုတစ်ဦး လိမ်ဖို့ချောင်းနေကြသည်။ တစ်ကြိမ်တွင် ဗမာလူလည်က လေလည်မိလိုက်သည်။ ထိုအခါ ကချင်လူလည်က သူ့အရှက်ကိုခွဲသည်ဟုဆိုကာ လျော်ကြေးတောင်းသည်။ ဗမာလူလည်ကလည်း တောင်းသလောက်လျော်ကြေးကို ပေးလိုက်သည်။ ထို့နောက် ကချင်မိတ်ဆွေက သူ၏အိုးကို ခိုးရှူပါသည်ဟု ဆိုကာ လျော်ကြေး ပြန်တောင်းတော့သည်။ ကချင်လည်း မငြင်းသာဘဲ လျော်လိုက်ရလေသည်။

ကချင်တောင်တန်းဒေသတိုးတက်ရေးတွင် သာသနာပြုများ၏ ဆောင်ရွက်ချက်မှာ အတော်ခရီးပေါက်ကြောင်း ဇဝနတွေ့ရသည်။ သာသနာပြုခြင်းမှာ ရန်ကုန်နှင့် မြစ်ကြီးနားမြို့ပေါ်မှ နေ၍ ပြုတာမျိုးမဟုတ်။ လောကုတ္တရာ ကောင်းကျိုးချည်း ဟောပြောနေ၍မဖြစ်၊ လောလောဆယ် စားဝတ်နေရေး ကောင်းမွန်ရေးကလည်း အရေးကြီးသည်။ ဇဝနသည် မြန်မာပြည်အနှံ့ ခရီးလှည့်လည်သွားလာရင်း အချို့အရပ်ဒေသများတွင် စာနယ်ဇင်းလောကနှင့် စစ်တပ်၊ စာနယ်ဇင်းလောကနှင့် အစိုးရ အဆက်အဆံ နည်းသည်ကို တွေ့ရသည်။ အာဏာပိုင်များက ထစ်ကနဲရှိ စာနယ်ဇင်းသမားများကို အရေးယူလိုက်မည်၊ စာနယ်ဇင်းသမားများကလည်း အာဏာပိုင် ခြေလှမ်းတစ်ချက်မမှားနဲ့ အုပ်ထည့်လိုက်မည်ဆိုတာမျိုးကို အောင်သွယ်ပေးရသေးသည်။ "အစိုးရဟာ စာရေးဆရာတွေကို အသုံးချတတ်ရင် တိုင်းပြည်တိုးတက်တာပဲ။ ဒီလိုမှ မဟုတ်ဘဲ ပုဒ်မကြီးတစ်ကိုင်ကိုင်နဲ့ စာရေးဆရာတွေ ဘယ်နေ့ အရေးအသား မှားမလဲ။ မှားတာနဲ့ တစ်ပြိုင်နက် ကွိကနဲ အုပ်လိုက်မယ်ဆိုတဲ့ စိတ်တစ်ခုတည်း ထားနေရင်တော့ နှစ်ဦးနှစ်ဘက်စလုံး အကျိုးမဲ့ဖို့ဟာ သေချာနေတာပဲ"ဟု ရေးသားခဲ့လေသည်။

ရည်ညွှန်း - ဦးလေးပြောပြမယ်(ဇဝန)

# မိုညှင်း စံပြအကျဉ်းထောင်တွင် လူဦးရေများ၍ ထောင်သားများ နေထိုင်ရေး အခက်အခဲဖြစ်နေဟုဆို

မြစ်ကြီးနား၊ မတ်လ ၈

မိုးညှင်းအကျဉ်းထောင်တွင် အကျဉ်းသားဦးရေနှင့် အချုပ်ခန်းအရွယ်အစား မမျှတမှုကြောင့် အကျဉ်းသားများ နေထိုင်ရန်ခက်ခဲနေကြောင်း သိရသည်။

ယင်းအခန်းများမှာ အနံ ၂၅ပေ၊ အလျား ၁၅ ပေခန့်သာကျယ်ဝန်းပြီး ပုံမှန်အားဖြင့် လူဦးရေ ၄၀ စာအတွက် တည်ဆောက်ထားသည့် အဆောင် ဖြစ်သော်လည်း လက်ရှိအချိန်တွင် လူဦးရေ ၉၀ ခန့် နေထိုင်ရသောကြောင့် ကျပ်တည်းစွာ နေထိုင်နေရသည်ဟု ထိုထောင်တွင် ထောင်ဒဏ် နှစ်နှစ်နီးပါး ကျခံရပြီး ယခုလ ပထမအပတ်က လွတ်မြောက်လာသူဦးဆိုင်းခေါင်(ခေါ်)ဘရန်မိုင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"နေရ ထိုင်ရတာတွေ၊ အိပ်ရတာတွေ တအား အခက်အခဲဖြစ်တယ်။ အိပ်တဲ့အခါမှာတော့ ကျွန်တော်တို့ သစ်တုံးတွေ ထပ်ထားသလိုပဲ အိပ်နေရတယ်"ဟု ဦးဆိုင်းခေါင်က ပြောသည်။

ထိုသို့ ကျပ်တည်းစွာ နေထိုင်နေရမှုအပေါ် မိုးညှင်းအကျဉ်းထောင်မှ ထောင်ပိုင်ဦးဇော်မောင်က အခန်းကျပ်တည်းသည်မှာ မှန်ကန်ကြောင်း၊ သို့သော်လည်း အကျဉ်းသားများ အနေဖြင့် ကျောတစ်ခင်းစာနေရာ ရရှိကြောင်း မြစ်ကြီးနားသတင်းဂျာနယ်သို့ ဖြေကြားသည်။

"ကျပ်နေတဲ့ အတိုင်းအတာတော့ ရှိပါတယ်။ အိပ်လို့မရအောင် တစောင်းအိပ်ရတာမျိုးတွေ မရှိဘူး ဆိုတာကိုတော့ တာဝန်ရှိတဲ့သူတစ်ယောက် အနေနဲ့တော့ ဖြေနိုင်ပါတယ်။ တစောင်းအိပ်နေရတယ်တို့၊ အိပ်လို့မရတဲ့ အခြေအနေမျိုး မရှိဘူး ဆိုတာတော့ ယေဘုယျအနေနဲ့ အတည်ပြုလို့ရပါတယ်"ဟု ဦးဇော်မောင်က ပြောသည်။

မိုးညှင်း အကျဉ်းထောင်တွင်ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသားနှင့် အမှုရင်ဆိုင်နေဆဲ အချုပ်သားစုစုပေါင်း ၃၆၀၀ ကျော် ရှိကြောင်းသိရပြီး ယင်းသို့ လူဦးရေ ကျပ်တည်းခြင်းကြောင့် ကူးစက်ရောဂါများ ဖြစ်ပွားနေရကြောင်းလည်း ဦးဆိုင်းခေါင်ထံမှ သိရသည်။

မျိုးမြတ်မြတ်ပန်









# ဆန်ခါကျေးရွာအနီးမှ မြေစာပုံ အက်ကွဲလာသဖြင့် လာမည့် မိုးရာသီအတွက် ဒေသခံများ စိုးရိမ်နေ



မြစ်ကြီးနား၊ မတ် ၈

ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ ဆန်ခါကျေးရွာအနီးရှိ စွန့်ပစ်မြေစာပုံအနီးတွင် မြေအက်ကွဲ ကြောင်းဖြစ်ပေါ်နေခြင်းကြောင့် မိုးရာသီတွင် ပြိုကျမည့် အန္တရာယ်နှင့် ကြုံတွေ့လာနိုင်ကြောင်း ဒေသခံများမှ ပြောသည်။

ယင်းမြေစာပုံသည် နွံကန်ကြီး၏ ကိုက် ၅၀ အကွာတွင်ရှိကြောင်း သိရပြီး အတွင်း လှုပ်စားမှု များလာပါက အချိန်မရွေး ပြိုကျနိုင်သည်ဟု ဒေသခံ ကိုဇော်ဝင်းမောင်က ပြောသည်။

"မိုးတွင်းကို စိုးရိမ်ရတယ်။ တကယ်လို့များ လျှောပြီး ပါသွားခဲ့ရင် အဲဒီနားလေးက နှစ်ဇကလောက်က လျှောပြီး ပါသွားမှာ။ အဲ့ဒီအပေါ်က လူတွေက လေးငါးရာလောက်ရှိတယ်"ဟု ကိုဇော်ဝင်းမောင်က ရှင်းပြသည်။

ယင်း အက်ကွဲကြောင်းကြီးသည် မတ်လ ၇ ရက်နေ့ညက ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် စိုးရိမ်စရာ မလိုသေးသော်လည်း မိုးများသည့်အခါတွင် အန္တရာယ်ရှိလာနိုင်ကြောင်း မြေစာပုံအနီးတွင် နေထိုင်သူ ကိုမင်းမင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ဖားကန့်မြို့နယ်တွင် မြေစာပုံအက်ကွဲခြင်း၊ ကျောက်ကြောပြိုကျနိုင်ခြင်း အန္တရာယ်နှင့် ပတ်သက်ပြီး အန္တရာယ် ကျရောက်နိုင်မည့် နေရာများကို လိုက်လံစစ်ဆေးကာ ခေါင်းပေါင်းကျင်းခြင်းနှင့် အန္တရာယ်မရှိအောင် ထိန်းသိမ်းခြင်းတို့ကို ပြုလုပ်ရန် ကျောက်စိမ်းရုံးသို့ ညွှန်ကြားထားပြီး ဖြစ်သည်ဟု ဖားကန့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ယင်း မြေစာပုံကြီးမှာ တစ်သုံးလုံးနှင့် အဓိပတိ ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီတို့မှ လာရောက်စွန့်ပစ်သည့် မြေစာပုံဖြစ်သည်ဟု ဒေသခံများ၏ ပြောဆိုချက်အရသိရပြီး ယင်းအပြင် မော်မောင်း၊ လယန်နှင့် မော်ဝမ်းအုပ်စုကြားတွင် ပေ ၅၀၀ အမြင့်ရှိကျောက်ကြောခုံကြီး အက်ကွဲကြောင်း ဖြစ်ပေါ်နေကြောင်း ဒေသခံများထံမှ သိရသည်။

ဖားကန့် မြို့နယ်တွင် ကမ်းပါးပြိုကျမှု၊ မြေစာပုံပြိုကျမှုကြောင့် နှစ်စဉ်လူဦးရေ ရာနှင့်ချီ သေဆုံးနေရပြီး ၂၀၁၈ ခုနှစ်ကလည်း ယင်းသို့ ပြိုကျမှုကြောင့် လူဦးရေ ၁၇၀ ထက်မနည်း သေဆုံးခဲ့ရသည်။

စည်သူ(မြစ်ကြီးနား)

# ပိုးသတ်ဆေးနှင့် မြေသြဇာအသုံးပြုမှုများကို ပြည်နယ်စိုက်ပျိုးရေးက ထိန်းချုပ်



မတ် ၆

စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးနှင့် မြေသြဇာအသုံးချမှု စည်းမျဉ်းစည်းကမ်းရှင်းလင်းဆွေးနွေးပွဲကို ဝိုင်းမော်မြို့နယ်၊ မိုင်းနားကျေးရွာရှိ ဆွတ်ဘွမ်ကုမ္ပဏီရုံးတွင်မတ်လ၅ရက်ကကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲကို ကချင်ပြည်နယ် သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းဝင် ကုမ္ပဏီများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့က ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာအသုံးပြုမှု စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေပြဌာန်းသတ်မှတ်ချက်များနှင့် ပတ်သက်၍ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သီးနှံကာကွယ်ရေးတာဝန်ခံနှင့် မြေအသုံးချရေးတာဝန်ခံတို့မှ ရှင်းလင်းပြောကြားခဲ့သည်။

နိုင်ငံတော်က သတ်မှတ်ထားသည့် သီးနှံမျိုးသစ် အသိအမှတ်ပြုလက်မှတ် ရရှိရေးအတွက် စမ်းသပ်စိုက်ပျိုးရမည့်သီးနှံ ၁၇ မျိုးမှာ စပါး၊ ပြောင်း၊ ပဲတီစိမ်း၊ မတ်ပဲ၊ ကုလားပဲ၊ ပဲစင်းငုံ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ခရမ်းချဉ်၊ ပန်းမုံလာ၊ ဂေါ်ဖီထုတ်၊ ဖရဲ၊ သခွားမွှေး၊ ဝါနှင့် ရာဘာတို့ဖြစ်ပြီး ကုမ္ပဏီများအနေဖြင့် ထိုသီးနှံများကို စမ်းသပ်စိုက်ပျိုးရမည်ဖြစ်ကြောင်း သိရသည်။

"စမ်းသပ် စိုက်ပျိုးခွင့်လိုင်စင်ကို တစ်လအတွင်း လုပ်ပေးပါတယ်။ မိမိစိုက်ပျိုးလိုတဲ့သီးနှံကိုရေးပြီး တစ်လကြိုပြီး စိုက်ပျိုးရေးရုံးကို စာတင်ပါ။ ဘာဖြစ်လို့လဲဆိုရင် နှစ်ဖက်ဆွေးနွေးမှုတွေ ပြုလုပ်ရမှာဖြစ်တဲ့အတွက် အချိန်ယူရပါတယ်။ ဒါကြောင့် တရားဝင် လျှောက်ပြီးမှ စိုက်ပျိုးကြပါ"ဟု ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဦးစီးအရာရှိ ဦးညီညီက ပြောသည်။

မြန်မာနိုင်ငံ အတွင်းသို့ တစ်ဖက်နိုင်ငံမှ တင်သွင်းသည့် မြေသြဇာများမှာ တစ်နေ့ထက်တစ်နေ့ များပြားလာနေသည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် ၂၀၀၂ ခုနှစ်က ပြဌာန်းထားသည့် မြေသြဇာ ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန်နှင့် မြေသြဇာဆိုင်ရာ မှတ်ပုံတင်လက်မှတ်နှင့် လိုင်စင်ပြုလုပ်ရန်လည်း လိုအပ်ကြောင်း သိရသည်။

ပြည်နယ် စိုက်ပျိုးရေးဌာန အနေဖြင့် မတ်လဆန်း၊ ဇွန်လဆန်း၊ စက်တင်ဘာလဆန်းနှင့် ဒီဇင်ဘာလဆန်းတို့တွင် ကုမ္ပဏီများနှင့် သုံးလတစ်ကြိမ် တွေ့ဆုံစည်းဝေးကာ သတ်မှတ်ထားသည့် မြေသြဇာတင်သွင်းခွင့်ဆိုင်ရာ မှတ်ပုံတင်လက်မှတ်နှင့် လိုင်စင်များ ဆောင်ရွက်ပေးနေသည် ဟုလည်း သိရသည်။

ပြည်ပမှ မြေသြဇာနှင့် ပိုးသတ်ဆေးများ တင်သွင်းမည်ဆိုပါက ၂၀၂၀ ခုနှစ်မှစပြီး မြန်မာစာအညွှန်းနှင့် ထုတ်လုပ်သည့်နိုင်ငံ စာအညွှန်းတို့ ပါရှိမှသာ တင်သွင်းရောင်းချခွင့် ပြုမည်ဖြစ်ကြောင်း မြေအသုံးချရေး တာဝန်ခံ ဒေါ်တင်ဌေးခိုင်ထံမှ သိရသည်။

မြေသြဇာ အသုံးပြုသူများအနေဖြင့်လည်း ပစ္စည်းအမျိုးအမည်အလိုက် တင်သွင်းခွင့် ရရှိထားသည့် ကုမ္ပဏီထံမှသာလျှင် ဝယ်ယူအသုံးပြုရမည်ဟုလည်း ဆိုသည်။

ကချင်ပြည်နယ် သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းတွင် အသင်းဝင်ကုမ္ပဏီပေါင်း ၂၉ ဖွဲ့ ရှိကြောင်းသိရပြီး ယခုဆွေးနွေးပွဲသို့ ၁၉ ဖွဲ့မှ ပိုင်ရှင်နှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မွန်းမွန်းပန်

## Myitsone Watch

မြစ်ဆုံစောင့်ကြည့်

# အောင်မြင်သာရွာတွင် လက်မှုအတတ်ပညာ သင်တန်းဖွင့်လှစ်

မြစ်ကြီးနား၊ မတ်လ ၇

မြစ်ဆုံရေကာတာ စီမံကိန်းကြောင့် ပြောင်းရွှေ့နေထိုင်နေရသော မြစ်ကြီးနားမြို့နယ်၊ အောင်မြင်သာကျေးရွာမှ ရွာသူရွာသားများကို SPIC တရုတ်ကုမ္ပဏီက မတ်လ ၇ရက်နေ့တွင် လက်မှုအတတ်ပညာသင်တန်း ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ လက်မှုပညာသင်တန်းတွင် လက်သမားနှင့် ပန်းရံအတတ်ပညာများကို ထည့်သွင်းပို့ချနေကြောင်း သိရပြီး သင်တန်းကို ရက်ပေါင်း ၂၀ ဖွင့်လှစ်မည်ဖြစ်ကြောင်း အောင်မြင်သာ အုပ်ချုပ်ရေးမှူးက ပြောသည်။

ထို လက်မှုပညာသင်တန်းသည် ရွှေ့ပြောင်းခံကျေးရွာသားများအတွက် အလွန်အရေးကြီးသော သင်တန်းတစ်ခု ဖြစ်ကြောင်း အောင်မြင်သာ အုပ်ချုပ်ရေးမှူးဦးနော်ဂျာက ပြောသည်။

"အောင်မြင်သာမှာက အလုပ်အကိုင် အခွင့်အလမ်းက သိပ်မရှိသေးဘူး။ မရှိသေးတဲ့အခါမှာ အခုလို တရုတ်တွေအားဖြင့် ငွေရေးကြေးရေးတောင်မက နည်းပညာကို ပေးတဲ့အတွက် အထူး ကျေးဇူးတင်ပါတယ်"ဟု ဦးနော်အောင်က ပြောသည်။

ယင်း လက်မှုပညာသင်တန်းကို အိမ်တွင်းလိုအပ်ချက်များ ပြုပြင်အသုံးပြုရန် လာရောက်သင်ကြားခြင်း ဖြစ်ကြောင်း သင်တန်းတက်ရောက်သူ ဦးနော်ဂျာက ပြောသည်။

"ကျွန်တော်တို့ မြစ်ဆုံမှာဆိုလို့ရှိရင် လယ်ယာမြေတွေ လုပ်စားမယ့်နေရာတွေ အများကြီး ဆိုရင်တော့ အေးဆေး တောင်ယာလုပ်စားပေါ့။ အခု ဒီမှာဆိုရင်တော့ တောင်ယာလုပ်စားဖို့ မရှိတော့ဘူးလေ။ တောင်ယာရှိတဲ့ မြစ်ဆုံကို သွားမယ်ဆိုလည်း မလွယ်တော့ဘူး။ ဒီမှာက စားဝတ်နေရေး ခက်ခဲတော့ အိမ်သာတွေကြက်ခြံတွေ မိုးဖိုချောင်တွေလိုက်လုပ်ရင်ရော နည်းပညာမတတ်ရင် နည်းနည်းခက်နေတယ်လေ။ ဒါကြောင့်မို့ လာတက်တာ"ဟု ဦးနော်ဂျာမှ ပြောသည်။

၎င်းတို့အနေဖြင့် အောင်မြင်သာတွင် ရောက်ရှိနေထိုင်ရခြင်းမှာ တရုတ်ကုမ္ပဏီကြောင့် ဖြစ်သဖြင့် ၎င်းတို့ အခက်အခဲများကို ကုမ္ပဏီက တာဝန်ယူဖြေရှင်းပေးရန် တာဝန်ရှိသည်ဟု ၎င်းက ဆက်လက်ပြောသည်။

မြစ်ဆုံကန့်ကွက်သူအဖွဲ့ကမူ ၎င်းတို့ကို တရုတ်ကုမ္ပဏီမှ ကူညီနေသော်လည်း မြစ်ဆုံနှင့်တော့ လဲမည်မဟုတ်ကြောင်း ပြောသည်။

"သူတို့က ဒါကို ကူညီပြီးမှ မြစ်ဆုံအတွက် ထောက်ခံပေးပါ။ စီမံကိန်းကို ထောက်ခံပေးပါဆိုရင်တော့ ကျွန်တော်တို့က လုံးဝပဲ။ ကျွန်တော်တို့ ဘာဖြစ်ဖြစ် သူတို့ ကူညီမှာပဲ။ သူတို့က ကျွန်တော်တို့ရဲ့ လယ်တောနှစ်ရှည်ပင်တွေ ခြံတွေအားလုံးအပြောင်ကို ရှင်းပစ်ခဲ့တာ။ အခု ဒီမှာပြောင်းလာရင် ကျွန်တော်တို့က အလုပ်လက်မဲ့နဲ့ နေနေတာ သူတို့က ကူကိုကူညီရမှာ ဒါသူတို့တာဝန်ပဲ"ဟု မြစ်ဆုံကန့်ကွက်သူအဖွဲ့မှ ပြောသည်။

ယင်း တရုတ်ကုမ္ပဏီသည် မြစ်ဆုံစီမံကိန်းကြောင့် ပြောင်းရွှေ့နေထိုင်နေသော မလိယာန် ကျေးရွာနှင့် အောင်မြင်သာ ကျေးရွာသားများကို ကူညီနေသည်မှာ ၈ နှစ်ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အကြောင်းအရာနှင့်ပတ်သက်၍ တရုတ်ကုမ္ပဏီကို မြစ်ကြီးနားဂျာနယ်မှ သွားရောက် မေးမြန်းဆက်သွယ်ခဲ့သော်လည်း ဖြေကြားခြင်း မရှိခဲ့ပေ။

Ah Je

# စာအုပ်စင်ကဏ္ဍ

## ညီထွန်းလင်း

| | |
|---|---|
| ထူးဆန်းသော စာကြည့်တိုက် | |
| စာရေးသူ | = ဧဧတ |
| ထုတ်ဝေသူ | = နှင်းဆီဖြူစာအုပ်တိုက် |
| တန်ဖိုး | = ၁၅၀၀ ကျပ် |




မူရာကာမိရဲ့ The Strange Library ကို ဆရာဧဧတက ထူးဆန်းသောစာကြည့်တိုက် အမည်နဲ့ ဘာသာပြန်ထားတဲ့စာအုပ်ဖြစ်ပါတယ်။ မူရာကာမိရဲ့ ယခုစာအုပ်က ခပ်ပါးပါး ဝတ္ထုလတ်လေးပါ။ လုံးချင်းဝတ္ထုရှည်ကြီးများကို ရေးလေ့ရှိတဲ့ မူရာကာမိရဲ့ တစ်ထိုင်တည်းဖတ်နိုင်တဲ့ စာအုပ်တစ်အုပ်လည်း ဖြစ်ပါတယ်။ ဇာတ်လမ်း ဆန်းဆန်းပြားပြားတွေ၊ အံ့ဩစရာ စိတ်နယ်လွန် ဖြစ်ရပ်တွေ၊ အိပ်မက်နဲ့ လက်တွေ့လောကနံရံပါးပါးလေးထဲ ကူးချည်သန်းချည် သွားလာနေတတ်တဲ့ ဇာတ်ကောင်တွေနဲ့ စာဖတ်ပရိတ်သတ်ရဲ့ စိတ်နှလုံးကိုဖမ်းစားတတ်တဲ့ မူရာကာမိရဲ့ ယခုဝတ္ထုလေးဟာလည်း ခပ်တိုတိုဆိုပေမယ့် ထူးဆန်းမှုတွေနဲ့ ပြည့်နှက်ပြီး တွေးစရာတွေကို အများကြီးပေးနိုင်တဲ့ စာအုပ်တစ်အုပ် ဖြစ်ပါတယ်။


"အခု ကျွန်တော်လုပ်နိုင်တဲ့ အကောင်းဆုံးအရာက စားပွဲမှာထိုင်ပြီး စာဖတ်ခြင်းပဲဆိုတာကို ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်တယ်။ ထွက်ပြေးလွတ်မြောက်မယ့် နည်းလမ်းကို ကျွန်တော်ရှာတော့မယ်ဆိုရင် ပထမဆုံး ကျွန်တော်က ကျွန်တော့်ရန်သူကို သူ့ရဲ့စောင့်ကြပ်မှုအပေါ်မှာ စိတ်ဝင်စားမှုလျော့နည်းလာအောင် လုပ်ရလိမ့်မယ်။ ဆိုလိုတာက သူ့ရဲ့အမိန့်တွေကို လိုက်နာချင်ယောင်ဆောင်ရမယ်။ အဲဒါက သိပ်ပြီးခက်ခဲမှာ မဟုတ်ဘူးလို့ ကျွန်တော်တွက်ဆတယ်။ တကယ်တော့ ကျွန်တော်က အမိန့်နာခံတဲ့ လူငယ်စားမျိုးဖြစ်နေခဲ့တာကိုး။

ကျွန်တော်က "အော်တိုမန် အခွန်ကောက်သူ၏ နေ့စဉ်မှတ်တမ်း" စာအုပ်ကို ကောက်ယူပြီး စဖတ်လိုက်တယ်။ အဲဒီစာအုပ်ကို ထူးထူးခြားခြားဖြစ်အောင် တူရကီဘာသာစကားနဲ့ ရေးခဲ့တယ်။ ဒါပေမဲ့လည်း ထူးဆန်းတာက အဲဒီစာအုပ်ကို ဖတ်ရာမှာ နားလည်ဖို့ လွယ်ကူတာကိုလည်း ကျွန်တော်တွေ့ရတယ်။ ဒါတင် မကဘူး။ စာမျက်နှာတိုင်းဟာ ကျွန်တော့်ရဲ့ မှတ်ဉာဏ်ထဲမှာ စကားလုံး တစ်လုံးချင်းလုံးစေ့ပတ်စေ့ စွဲနေတယ်။ ဖြစ်နိုင်ခြေ အချို့ကတော့ ကျွန်တော် ဖတ်လိုက်တဲ့ အရာရာတိုင်းကို ကျွန်တော့်ဦးနှောက်က တို့ထိစုပ်ယူခဲ့တာပဲ။

ကျွန်တော် စာမျက်နှာတွေကို လှန်နေစဉ်မှာပဲ အီစတန်ဘူလ်မြို့ရဲ့ လမ်းတွေပေါ် အခွန်ကောက်ရင်းလမ်းလျှောက်နေတဲ့ ဓားမောက်ရှည်တစ်လက်ကို ခါးမှာချိတ်ထားတဲ့ တူရကီအခွန်ကောက်သမား "အီဘန် အာမွတ်ဟာဆာ"ဟာ ကျွန်တော်ကိုယ်တိုင် ဖြစ်သွားတယ်။( စာ- ၄၉ မှ)

## ညီထွန်းလင်း

| | |
|---|---|
| THE REAL LIVES REAL STORIES | |
| စာရေးသူ | = ကလောင်စုံ |
| တန်ဖိုး | = ၃၅၀၀ ကျပ် |




အယ်ဒီတာ ခက်ဇော်တည်းဖြတ်ထုတ်ဝေတဲ့ Real Lives Real Stories မဂ္ဂဇင်းဆိုဒ်စာအုပ် ဖြစ်ပါတယ်။ ကလောင်စုံသလို အကြောင်းအရာလည်း စုံပါတယ်။ စာအုပ်ခေါင်းစဉ်နဲ့အညီ ဒီစာအုပ်တွေထဲမှာ ဆေးတက္ကသိုလ်ကျောင်းသားဘဝမှ အမျိုးသားပြည့်တန်ဆာ ဖြစ်သွားရသည့် လူငယ်တစ်ဦးစတဲ့ ဖြစ်ရပ်မှန် လူပုဂ္ဂိုလ်တွေရဲ့ အဖြစ်မှန်တွေကို ရသမြောက်စွာ ရေးသားထားတဲ့၊ ဝတ္ထု၊ ဆောင်းပါး၊ အက်ဆေး၊ အင်တာဗျူး စတဲ့ ကဏ္ဍအစုံ ပါဝင်ပါတယ်။ အကြောင်းအရာအနေနဲ့လည်း ပရဟိတ၊ ပန်းချီ၊ စာပေ၊ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး စတဲ့ နယ်ပယ်စုံက ပုဂ္ဂိုလ်ပေါင်းစုံတို့ရဲ့ ဘဝဖြစ်ရပ်မှန်တွေကို ဖတ်ရှုရမှာ ဖြစ်ပါတယ်။

"အဲ့ဒီ အပုန်းသူဌေးက မာမီ့ဆိုင်ကို လွန်ခဲ့တဲ့ တစ်နှစ်က ဝင်ထွက်နေတာ။ တောက တက်လာပြီးရင် မာမီ့ဆီမှာလာပြီး သူငယ်တွေနဲ့ ချိတ်ပေးဖို့ ပြောတတ်တယ်။ မာမီ့လင်နဲ့လည်း ခင်နေတာလေ။ သူက ကားတွေ အများကြီး ပိုင်တယ်တဲ့။ မာမီ့လင်ကို ကားမောင်းသင်ပေးမယ်ပြောတယ်။ မာမီ့လင်လေးကလည်း သင်ချင်တယ်လေ။ မာမီလည်း ခွင့်ပြုလိုက်တာပေ့ါ။ အဲ့ဒီမှာ သစ္စာဖောက်ကောင်က ဟိုအပုန်းမနောက် ကောက်ကောက်ပါအောင် လိုက်တော့တာပဲ။ အခုလည်း မာမီနဲ့တစ်ရပ်ကွက်ကျော်မှာ ဟိုက သူ့မိသားစုပါ ခေါ်လာပြီး နေသတဲ့။ အပုန်းမက မိန်းမနဲ့၊ ကလေးနဲ့။ ဒါကိုပဲ ဒင်းကိုခြံထဲ အိမ်တစ်လုံး သီးသန့်ဆောက်ပေးပြီး ပေါင်းနေတာလေ။

အဖေဟာ မိန်းမလျာတစ်ယောက်လား။ သူ အာရုံတွေ နောက်လာသည်။ သေချာရေရာမှု တစ်ခုကို သူ အတည်ပြုရန် လိုလာသည်။ မှတ်မှတ်ရရ အမေက သူတို့ ဇာတိမြို့လေးသို့ နာရေးတစ်ခုဖြင့် ခေတ္တပြန်သွားသည့်ရက်တွင် အဖေနှင့် ကိုကျော်ကျော်တို့၏ ပကတိအခြေအနေကို သူ့မျက်စိဖြင့် တပ်အပ်မြင်ခဲ့သည်။ အဖေရှိနေသော ကိုကျော်ကျော်၏ အိမ်ဘက်သို့ သူကိုယ်တိုင် သွားရောက်ချောင်းမြောင်း ခဲ့ခြင်းပင်။ ကိုကျော်ကျော်နှင့် နှစ်ဦးတည်း အတူရှိနေသောအခါ အဖေသည် ပီဘိ မိန်းမကြီးတစ်ယောက်လို နေထိုင်နေ၏။

ထိုမြင်ကွင်း၊ ထိုအသံတို့မှ သူ အဝေးဆုံးပြေးသွားချင်သည်။ ရှက်စိတ်လား၊ နာကျင်စိတ်လား၊ အံ့ဩစိတ်လား ဘာမှန်းမသိသည့် ခံစားချက်တို့ သူ့စိတ်ထဲ ပြွတ်သိပ်တိုးဝှေ့နေကြသည်။ အမေ အမြဲတမ်း ချီးမွမ်းခဲ့သော အဖေ။ သူတို့ တစ်မိသားစုလုံးက ဘုရားတစ်ဆူလို လေးစားခဲ့ရသော အဖေ။ ဒီကိစ္စကြီးကို ကျန်သည့်သူများ သိသွားခဲ့လျှင်ရော။ သူ့အတွက်တော့ သူ တလေးတစားဖြစ်ခဲ့ရသော ရွှေတောင်ကြီးပေါ်တွင် ဘာမှမဟုတ်သည့် လူတစ်ယောက်က မစင်တက်စွန့်နေသလို ခံစားရသည်။

အဖေသည် မိန်းမလျာတစ်ယောက်လား။ သူ့ ဘဝတွင် မိန်းမလျာများစွာ တွေ့ခဲ့ဖူးသည်။ သို့သော် သူ့အဖေကျမှ သားနှင့်မယား ရှိလျက် မိန်းမလျာစိတ် ဖြစ်နေသည်လား။(စာ-၇မှ)

# ကချင်ပြည်နယ်အတွင်း

# တက္ကသိုလ်ဝင်တန်းစာမေးပွဲ

# ပျက်ကွက်သူဦးရေ

# နှစ်ထောင်ကျော်ရှိ

မြစ်ကြီးနား၊ မတ် ၈

၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ကချင်ပြည်နယ်အတွင်းရှိ စာရင်းရှိဦးရေမှ ပျက်ကွက်သူဦးရေ နှစ်ထောင်ကျော်ရှိကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

တက္ကသိုလ်ဝင်တန်း ဖြေဆိုရန် ကချင်ပြည်နယ်တစ်ခုလုံး၏ စာရင်းရှိကျောင်းသားဦးရေထဲမှ ပထမရက် မြန်မာစာဖြေဆိုသည့် ရက်တွင် ပျက်ကွက်ဦးရေ ၂၂၀၉ ဦး ရှိခဲ့ပြီး ဒုတိယရက် အင်္ဂလိပ်စာဖြေဆိုရက်တွင် ၂၂၂၈ ဦး၊ ၉ ဦး ထပ်မံပျက်ကွက်ခဲ့ကြောင်း သိရသည်။

တက္ကသိုလ်ဝင်တန်းဖြေဆိုရန် ကချင်ပြည်နယ်တစ်ခုလုံး၏ စာရင်းရှိကျောင်းသားဦးရေသည် ၃၈၁၅၅ ဦးရှိပြီး ထိုအထဲမှ အပြင်ဖြေ ဦးရေ ၁၄၈၄၅ဦး ရှိကြောင်း၊ မြစ်ကြီးနားခရိုင်တွင် ၁၄၁၇၁ဦး၊ မိုးညှင်းခရိုင်တွင် ၁၃၃၇၅ဦး၊ ဗန်းမော်ခရိုင်တွင် ၈၂၀၂ ဦး၊ ပူတာအိုခရိုင်တွင် ၂၄၀၇ ဦးရှိကြောင်း သိရသည်။

ထို့အပြင် ယခုနှစ်ဖြေဆိုသူများထဲတွင် အ.ထ.က (၁)စာစစ်ဌာန(၂)၊ မြစ်ကြီးနားတွင် အမြင်အာရုံချို့တဲ့သူ မသန်စွမ်း ကျား- ၁ ဦး၊ မ- ၁ ဦးနှင့် အ.ထ.က မော်ဟန် စာစစ်ဌာန၊ မိုးညှင်းတွင် မသန်စွမ်း ကျား-၁ဦး၊ မ-၁ ဦး စုစုပေါင်း (၄)ဦး လာရောက်ဖြေဆိုကြောင်းလည်း သိရသည်။

Ann

# မံဝိန်းကြီးတွင်

# ဗုံးသီးအဟောင်း ပေါက်ကွဲမှုကြောင့်

# ကလေးခြောက်ဦး ဆေးရုံရောက်

မြစ်ကြီးနား၊ မတ် ၇

မံစီမြို့နယ် မံဝိန်းကြီးကျေးရွာ ရပ်ကွက် (၇) ရှိ ကလေး ခြောက်ဦးသည် ကားလမ်းနံဘေး လယ်ကွင်းအတွင်း ဆွားကျောင်းနေစဉ် တွေ့ရှိသည့် ဗုံးအဟောင်း တစ်လုံးကို ကောက်ယူဆော့ကစားရာမှ ပေါက်ကွဲမှုဖြစ်ပွားပြီး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဗုံးသီးဟောင်းမှာ သံချေးတက်နေသော အစိမ်းရောင် လက်ပစ်ဗုံးတစ်လုံးဖြစ်ကြောင်း၊ အရှည်လေးလက်မနှင့် အဝ အကျယ်တစ်လက်မခန့် အရွယ်ရှိကြောင်း သိရပြီး တရုတ်နိုင်ငံထုတ် ကြိုးဆွဲလက်ပစ်ဗုံးဟု ယူဆရကြောင်း သိရသည်။

ကောက်ရထားသော ဗုံးနှင့် ဆော့ကစားခဲ့သည့် ကလေးငယ်၆ဦးသည် မိုင်းစများထိမှန်ကာ ထိခိုက်ဒဏ်ရာများ အသီးသီး ရရှိခဲ့ကြသဖြင့် မံဝန်းကြီး နှစ်ခြင်းအသင်းတော်မှ ဓမ္မဆရာနှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ကြောင်း သိရသည်။

ကလေး ၆ ဦးအနက် ယောကျ်ားလေး နှစ်ဦးမှာ စိုးရိမ်ရသည့် အခြေအနေဖြင့် ကုသမှုခံယူနေကြောင်း သိရသည်။

အဆိုပါဖြစ်စဉ် ဖြစ်ပွားသည့်နေရာသည် နယ်မြေလုံခြုံရေးအရ တားမြစ်ထားသည့်နေရာဖြစ်ကြောင်း သိရသည်။

မွန်းမွန်းပန်

# ဆေးလိပ်သောက်သုံးသူများအနေဖြင့် မည်သည့်အစားအစာများကို စားသုံးပေးသင့်ပါသလဲ



ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ လေ့လာဆန်းစစ်ချက်အရ ဆေးလိပ်သောက်သုံးမှုကြောင့် ကမ္ဘာ့လူဦးရေ၏ ၇ သန်းခန့်သည် နှစ်စဉ် အသက်ဆုံးရှုံးနေရသည်။ သေဆုံးမှုဦးရေ၏ ၆ သန်းခန့်သည် ဆေးလိပ်ကို ကိုယ်တိုင်သောက်သုံးမှုကြောင့် အသက်ဆုံးရှုံးကြရ၍ လူပေါင်း ၆၀၀၀၀၀ လောက်သည် တစ်ဆင့်ခံဆေးလိပ်ငွေ့ ရှူရှိုက်မိမှုကြောင့် အသက်ဆုံးရှုံးနေရသည်။ Surgeon General's Report (SGR) ၏ ၂၀၁၄ ခုနှစ် စစ်တမ်းကောက်ချက်အရ ဆေးလိပ်သောက်သုံးသူအများစုသည် ဆယ်ကျော်သက် အရွယ်တွင် ဆေးလိပ်ကို စမ်းသပ်လို၍ သောက်သုံးကြည့်ရာမှ စွဲစွဲလမ်းလမ်း သောက်သုံးသူအဖြစ်သို့ ရောက်ရှိသွားကြလေသည်။ ဆေးလိပ်တွင် နီကိုတင်းနှင့် အခြား ကင်ဆာဖြစ်စေနိုင်သည့် ဓာတုပစ္စည်းများ ပါဝင်လေသည်။

ဆေးသိပ္ပံ ပညာရှင်များဘက်မှ နီကိုတင်းဓာတ်ကြောင့် လူသားတို့၏ ကျန်းမာရေးထိခိုက်ပျက်စီးမှုများနှင့် သက်ဆိုင်သည့် သတိပေးချက်များကို ထုတ်ပြန်ထားသော်လည်း လူတို့အနေဖြင့် နီကိုတင်းဓာတ်ပါသည့်စီးကရက်ကို ယခင်ကထက်ပင် ပိုမိုနှစ်ခြိုက်စွာ သောက်သုံးလာကြသည်ကို တွေ့မြင်ရသည်။

ဆေးလိပ် သောက်သုံးခြင်းသည် ကိုယ်ခန္ဓာအတွင်းရှိသွေးကြောများအတွင်းသို့ နီကိုတင်းဓာတ်ရောက်ရှိမှု မြင့်မားလေသည်။ ဆေးလိပ်သောက်သုံးသူများ အနေဖြင့် ကိုယ်ခန္ဓာအတွင်း စိမ့်ဝင်နေသည့် နီကိုတင်းဓာတ်များကို လျှော့ချစေလိုလျှင် အောက်တွင် ဖော်ပြမည့်အစားအစာများကို စားသုံးပေးသင့်ပေသည်။

ယင်းအစားအစာများကို စားသုံးပေးခြင်းသည် ဆေးလိပ် သောက်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ ဆိုးကျိုးများကို လျှော့ချပေးနိုင်လေသည်။

(၁)လိမ္မော်သီး

ဆေးလိပ်တွင် ပါဝင်သည့် နီကိုတင်းဓာတ်သည် ကိုယ်ခန္ဓာအတွင်းရှိ ဗီတာမင်စီကို လျှော့ကျစေလေသည်။ ဆေးလိပ်ကို နှစ်ခြိုက်စွာ သောက်သုံးသူများအနေဖြင့် စိတ်ဖိစီးမှုများမကြာခဏ ဖြစ်ပေါ်ခံစားလေ့ရှိသည့်အတွက် ဗီတာမင်စီဓာတ် ပြည့်ဝစွာပါဝင်သည့် လိမ္မော်သီးကို စားသုံးပေးခြင်းအားဖြင့် ကိုယ်ခန္ဓာအတွင်း လျော့ကျသွားသည့် ဗီတာမင်စီဓာတ်ကို ပြန်လည်ဖြည့်တင်းပေးပြီး ကိုယ်ခန္ဓာလန်းဆန်းမှုကို ရရှိစေပါသည်။

(၂)မုန်လာဥနီ(ခါကြက်ဥ)

ဆေးလိပ်ကို နှစ်ခြိုက်စွာ သောက်သုံးသူများ အနေဖြင့် ကိုယ်ခန္ဓာအတွင်းမှ ဗီတာမင်အေနှင့် ဗီတာမင်စီတို့ကိုပျက်စီးစေ၍ အာရုံကြောဆဲလ်များ၊ အသားအရေ၊ သွေးလည်ပတ်မှုနှုန်းနှင့် ဦးနှောက်၏လုပ်ငန်းဆောင်တာများ ယိုယွင်းပျက်စီးစေသည်။ ခါကြက်ဥကို နေ့စဉ်စားသုံးပေးခြင်းသည် ကိုယ်ခန္ဓာအတွင်းမှ ပျက်စီးသွားသည့်ဗီတာမင်အေ၊ ဘီ၊ စီနှင့် ကေတို့ကို ပြန်လည်ဖြည့်တင်းပေး၍ ကိုယ်ခန္ဓာအတွင်းသို့ စိမ့်ဝင်နေသည့် နီကိုတင်းဓာတ်ကို ဖယ်ထုတ်ပေးလေသည်။

(၃)ဟင်းနုနွယ်

ဆေးလိပ်သောက်သုံးသူများအနေဖြင့် ဟင်းနုနွယ်ကိုလည်း စားသုံးပေးသင့်ပေသည်။ ဟင်းနုနွယ်တွင် ဗီတာမင်ကေနှင့်ဗီတာမင်အေ အပါအဝင် ဖောလစ်အက်စစ် (သို့မဟုတ်) ဘီတာမင်ဘီနိုင်းတို့လည်း ပါဝင်သည့်အတွက်ကြောင့် နီကိုတင်းကဲ့သို့သော အဆိပ်အတောက်များကို ဖယ်ရှားပေးလေသည်။ ဖောလစ်အက်စစ်သည် နီကိုတင်းဓာတ်ကို လျှော့ချပေးနိုင်သည်သာမက စိတ်ပိုင်းဆိုင်ရာ ခံစားမှုတို့ကို ကောင်းမွန်စွာထိန်းညှိပေးနိုင်သည့် ဂုဏ်သတ္တိများ ရှိလေသည်။

(၄) ဂျင်း

ဂျင်းသည် ကျွန်ုပ်တို့နိုင်ငံတွင် အလွယ်တကူရရှိနိုင်သည့် အစားအစာဖြစ်လေသည်။ ဂျင်းသည် နီကိုတင်းကြောင့်သွေးကြောများအတွင်းရှိအဆိပ်အတောက်တို့ကို လျှော့ချပေးနိုင်သည့် အစွမ်းသတ္တိ ရှိရုံသာမက ဂျင်းကို ငုံထားခြင်းအားဖြင့် ဆေးလိပ်သောက်လိုသည့် စိတ်ဆန္ဒကိုလည်း ထိန်းချုပ်ပေးနိုင်လေသည်။

(၅)အနီရောင်တလည်းသီး

ဆေးလိပ်သောက်ခြင်းသည် နှလုံးခုန်မြန်ခြင်း၊ သွေးတိုးခြင်းများကဲ့သို့သော ဆိုးကျိုးများ ဖြစ်ပေါ်စေသည်သာမက သွေးကြောထဲသို့ ရောက်ရှိရမည့် အောက်စီဂျင်ပမာဏကိုလည်း လျှော့ကျစေပါသည်။ အနီရောင်တလည်းသီးကို စားသုံးခြင်းသည် လျှော့ကျသွားသည့် အောက်စီဂျင် ပမာဏကို ဖြည့်စွက် ပေးနိုင်သည်သာမက သွေးဆဲလ်များကို ပိုမိုထုတ်လုပ်ပေးနိုင်၍ သွေးလည်ပတ်မှုအားကို ကောင်းမွန်စေပါသည်။

ဆေးလိပ်သောက်သုံးခြင်းကြောင့် ဖြစ်ပေါ်လာရသည့် ဆိုးကျိုးများသည် ကိုယ်ခန္ဓာအတွင်းရှိ အင်္ဂါအစိတ်အပိုင်းများကို ထိခိုက် ပျက်စီးစေလေသည်။ သို့သော် ဆေးလိပ်သောက်သုံးသူများအနေဖြင့် ဆေးလိပ်သောက်ခြင်းကို လျှော့ချရန်(သို့မဟုတ်) ရပ်တန့်ရန်မှာ လွယ်ကူသည့်အရာမဟုတ်ပေ။ ထို့ကြောင့် ဆေးလိပ်သောက်သုံးသူများ အနေဖြင့် အထက်တွင် ဖော်ပြထားသည့် အစားအစာများကို နေ့စဉ် စားသုံးပေးခြင်းဖြင့်လည်း ဆေးလိပ်သောက်ခြင်း ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးထွက် ဆေးကျိုးများကို ကာကွယ်နိုင်သည်။




## Movie View

▶ ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ








| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

# ကချင်ပြည်နယ်မှာ HIV လျှော့ချရေးအတွက် အမေရိကန်ဒေါ်လာ ၆သန်းသုံးစွဲမည့် ထောက်ပံ့ငွေတွင် မူးယစ်ဆေးသုံးစွဲသူ အမျိုးသမီးများအတွက် ထည့်သွင်းရန်လိုအပ်



**အမေရိကန်ပြည်ထောင်စုကိုယ်စား အမေရိကန်နိုင်ငံတကာ ဖွံ့ဖြိုးရေးအေဂျင်စီ (USAID) အဖွဲ့အစည်းက ကချင်ပြည်နယ် အတွင်းမှာရှိတဲ့ HIV ပိုးကူးစက်ခံရသူတွေနဲ့ မူးယစ်ဆေးစွဲဝေဒနာရှင်တွေအတွက် အမေရိကန်ဒေါ်လာ ခြောက်သန်းကို လှူဒါန်းသွားမယ်လို့ သိရပါတယ်။**

**၎င်းထောက်ပံ့ငွေနဲ့ ပတ်သက်ပြီး ကချင်ပြည်နယ်မှာ အလုပ်ရုံဆွေးနွေးပွဲတွေ ပြုလုပ်ပြီး ဒေသခံတွေနဲ့အတူ မူးယစ်ဆေးဝါးသုံးစွဲနေတဲ့ သူတွေအတွက် လိုအပ်ချက်များ၊ တောင်းဆိုချက်များအပေါ် မူတည်ပြီး ထောက်ပံ့လှူဒါန်းသွားမယ်လို့ သိရပါတယ်။**

**ကချင်ပြည်နယ်မှာ မူးယစ်ဆေးဝါးသုံးစွဲနေတဲ့အထဲမှာ အမျိုးသားတွေသာမက အမျိုးသမီးတွေပါ ပါရှိနေတဲ့အတွက် ရရှိမယ့် ထောက်ပံ့ငွေအသုံးပြုရာမှာ အမျိုးသမီး မူးယစ်ဆေးဝါးသုံးစွဲသူတွေကိုပါ ထည့်သွင်းစဉ်းစားသွားမယ်လို့ မစ္စတာရောဘတ်ကယ်လီက ပြောပါတယ်။ ဒ့ါအပြင် မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေအမြင်တွေ၊ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေနဲ့ ကျန်းမာရေးဆိုင်ရာ အကြောင်းအရာတွေကို မြစ်ကြီးနားသတင်း ဂျာနယ်နဲ့ HIV/AIDSKeyPopulation အကြံပေး၊ ကျန်းမာရေးဆိုင်ရာဌာနေရုံးမှ မစ္စတာရောဘတ်ကယ်လီတို့ တွေ့ဆုံမေးမြန်းချက်ကို ဖော်ပြပေးလိုက်ရပါတယ်။**

**ဒေသခံ ဘယ်အဖွဲ့အစည်းနဲ့ ပူးပေါင်းသွားမှာလဲ။ အစိုးရနဲ့လား၊ လူမှုအဖွဲ့အစည်းတွေနဲ့လား။ ဒေသခံတွေရဲ့ အသံကြားဖို့ ဘယ်အဖွဲ့အစည်းတွေနဲ့ Workshop လုပ်သွားမယ်ဆိုတာ သိချင်ပါတယ်။**

ကျွန်တော်တို့ အနေနဲ့တော့ ဘယ်အဖွဲ့အစည်းနဲ့ဆိုတာတော့ တိတိကျကျ မပြောနိုင်သေးဘူး ပေါ့နော်။ Workshop ပြီးသွားမှ ဘယ်အဖွဲ့အစည်းနဲ့ဆိုတာ သိမယ်။ ဒါပေမဲ့ ဒီ ပိုက်ဆံခြောက်သန်းက ကန့်သတ်ချက်ရှိတာက နိုင်ငံတကာ အဖွဲ့အစည်းတွေမှာ ပေးလို့မရဘူး။ ဒီ ကချင်ဒေသရယ်၊ ဒေသခံ အဖွဲ့အစည်းတွေလိုမှာပဲ ပေးလို့ရမှာ။

**အဲ့လို ပေးတဲ့အချိန်မှာ အဲ့ဒီခြောက်သန်းမှာ Policy ရှိမှာပဲပေါ့နော်။ အဲ့ဒီထဲမှာ မူးယစ်ဆေးဝါးသုံးစွဲနေတဲ့ အမျိုးသမီးတွေအတွက် ဘယ်လောက်ရာခိုင်နှုန်း ထည့်သွင်းထားလဲဆိုတာ သိချင်တယ်။ ဒီပိုက်ဆံ ခြောက်သန်းထဲက သူတို့အတွက် ကန့်သတ်ထားတာ ရှိလား။**

ခုနတုန်းကလို Policy တွေ Condition တွေတော့ မရှိဘူး။ ဒါပေမဲ့ အမျိုးသမီးဆေးသုံးစွဲတဲ့သူတွေကို ပိုပြီးတော့ ပါစေချင်တာပေါ့။ သူ့ရဲ့ ပုဂ္ဂိုလ်ရေးအရ။ ဒါပေမဲ့ အခုလုပ်မယ့် စီမံကိန်းရဲ့ ဒီဇိုင်းကိုက USAID က ရေးဆွဲမှာ မဟုတ်ဘဲနဲ့။ ဒေသခံတွေပဲ ရေးဆွဲမှာဆိုတော့။ အကယ်၍များ တစ်ယောက်ယောက်က နေပြည်တော်မှာ ဒီအမျိုးသမီးတွေက သူတို့အတွက် ပိုပြီးမှ လုပ်ဆောင်သင့်တယ် ဆိုပြီး တောင်းဆိုရင်တော့ အဲ့ဒီဘက် ပိုများသွားမှာပေါ့။ အကုန်လုံးက အဲ့ Workshop ပေါ်မှာပဲ မူတည်တယ်။ စီမံကိန်းရေးဆွဲတဲ့ အထဲမှာတော့ ကျွန်တော့်အနေနဲ့ ပြောခွင့်မရှိဘူး။ ဒါပေမဲ့ အခုအချိန်မှာ ပြောချင်တာက ဒီအမျိုးသမီးတွေကို ကူဖို့ အရေးကြီးတယ်ဆိုတာကို လူတွေအနေနဲ့ သိသင့်တယ်။ အခုဒီဟာက အရေးကြီးတယ်လို့ ပြောချင်ပါတယ်။

**အခုလက်ရှိအချိန် ကချင်ပြည်နယ်က အစိုးရဘိန်းဖြတ်စခန်းကို အင်တာဗျူးဖို့ ကျွန်တော့်အနေနဲ့ စာတင်ထားတယ်။ ဒါပေမဲ့ စာတင်ထားတာ နှစ်လလောက် ရှိပေမယ့် အခုထိမရသေးဘူး။ USAID အနေနဲ့လည်း အစိုးရ ဘိန်းဖြတ် ဆေးရုံကို သွားတဲ့ အချိန်မှာ ဘာတွေလိုအပ်နေသေးတာတွေကို တွေ့ရှိခဲ့လဲ။ အမျိုးသမီးဆေးသုံးစွဲတဲ့ သူတွေအတွက် ဘာတွေလိုအပ်နေသေးတယ်လို့ မြင်ခဲ့လဲ။**

နှစ်ကြိမ်၊ သုံးကြိမ်သွားတိုင်း ကျွန်တော် မြင်မိတာကတော့ ဆေးဖြတ်တဲ့လူတွေက အပြည့်ပဲ။ ဒါပေမဲ့ အကုန်လုံးက အမျိုးသားတွေပဲ ပေါ့နော်။ တစ်ခုပြောချင်တာက ဒီဆေးရုံကို နည်းနည်း ချဲ့ပေးသင့်တယ်။ အမျိုးသမီးတွေ အတွက်ပေါ့။ အခန်းတစ်ခန်း ဒါမှမဟုတ် ဆက် ချဲ့ပေးသင့်တယ်လို့ မြင်တယ်။ အမျိုးသမီးတွေအနေနဲ့ ဆေးဖြတ်ရတယ်ဆိုတော့ ဆေးရုံတက်ရတယ်။ အဲ့ဒီတော့ သူတို့ရဲ့ လုံခြုံရေးအတွက်လည်း ပံ့ပိုးပေးဖို့လည်း လိုအပ်တာပေါ့။ အဲ့ဒါကြောင့် ကျွန်တော်မြင်တာက ဒီဆေးရုံကို ချဲ့ပေးသင့်တယ်။ ပြီးတော့ အမျိုးသမီးတွေအပြင် အမျိုးသားတွေအတွက်လည်း ပိုပြီးတော့ ကောင်းကောင်းနဲ့ ကျယ်ကျယ်ပြန့်ပြန့် ကုသပေးဖို့ပေါ့။

**အခုလက်ရှိအခြေအနေ မူးယစ်ဥပဒေကို ပြင်ဆင်လိုက်တယ်။ ပုဒ်မ-၁၅ကို သူတို့က ဖြေလျှော့လိုက်တဲ့ ပုံစံပေါ့နော်။ မူးယစ်ဆေးဝါးသုံးစွဲတဲ့ လူတွေကို ထောင်မချဘဲနဲ့ လူမှုရေးပြစ်ဒဏ်ပေးမယ်။ ဒါပေမဲ့ ဒီဥပဒေက အခုချိန်ထိ နည်းဥပဒေ မထွက်လာသေးဘူး အဲ့အပေါ်မှာရော ဘယ်လိုပြောချင်လဲ။ နောက်တစ်ခုက ပုဒ်မ ၁၅ကို ပြင်လိုက်ပေမယ့် ပုဒ်မ ၁၆(ဂ) မှာ မူးယစ်ဆေးဝါးလက်ဝယ်ထားရှိမှုဆိုတဲ့ ပုဒ်မနဲ့ တစ်ကိုယ်စာသုံးစွဲမှု ပမာဏ ၀ ဒသမ ၀၀၁ လောက် ဖမ်းမိရင်တောင်မှ လက်ဝယ်ထားရှိမှုနဲ့ ထောင်ဒဏ် ၅နှစ် ၁၀ နှစ်ဆိုတဲ့ ပုဒ်မက ပျက်ပြယ်သွားမှုမရှိတဲ့ အပေါ်မှာရော ဘာပြောချင်လဲ။**

ခုနကပြောတဲ့ အဲ့ဒီ မူးယစ်ပေါ်လစီတွေကို ပြည်ထဲရေး ဝန်ကြီးဌာနက ကိုင်တယ်။ မူးယစ်ဥပဒေကိုကျတော့ ပါလီမန်လွှတ်တော်က နေပြီးတော့မှ ပြောင်းဖို့ကြိုးစားတယ်ဆိုတာက အရမ်းကိုမှ ရှုပ်ထွေးတယ်။ လွှတ်တော်ဘက်ကလည်း ပြည်သူလူထု မဲရဖို့အတွက် သူတို့အသံ နားထောင်ရတယ်ဆိုတော့. . .။ တစ်ဖက်မှာကျတော့လည်း ဒီပြည်ထဲရေးရာက ပါသေးတယ်ဆိုတော့ ရှုပ်ထွေးတယ်။ ဒါပေမဲ့ အကြမ်းဖျင်း အကုန်လုံး ခြုံကြည့်မယ်ဆိုရင် အခုဖြစ်နေတဲ့ဟာက ဒီမူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး အသိပညာအားနည်းတာပေါ့။ ဒီ မူးယစ်ဆေးစွဲတယ်ဆိုတာက ရောဂါတစ်ခုလိုပဲ သိထားကြတော့ မူးယစ်ဥပဒေကို လုပ်တဲ့သူတွေကလည်း ဒါတွေကို မသိဘဲနဲ့ ဒီ၁၆(ဂ)ဒီလို ထွက်နေတာ ပေါ့နော်။ အဓိက ကတော့ မူးယစ်ဆေးဝါး အသိပညာအားနည်းတာပေါ့လေ။ ကျွန်တော်တို့ အခုလုပ်နေတဲ့ လူမှုကွန်ရက် စာမျက်နှာမှာ 528Love - မူးယစ်ဆေးနှင့် မိသားစု ဆိုတဲ့ facebook page မှာ ပုဒ်မနဲ့ ပတ်သက်ပြီးတော့ ရှင်းပြထားတယ်။ နောက်ပြီး သူတို့ရဲ့ ရပိုင်ခွင့်တွေကိုလည်း သိအောင်ပြောပြထားတယ်။ နောက်တစ်ခုက မီဒီယာတွေကနေတဆင့် ဒီပြည်သူတွေကို အသိပညာဖွံ့ဖြိုးဖို့ရယ်၊ ပြည်ထဲရေးတို့က ပေါ်လစီတွေကို နေပြည်တော်ကနေပဲ လုပ်နေတယ်။ တကယ်တမ်း အောက်ခြေတို့ ပြောင်းသွားတဲ့ဟာကို အောက်ခြေက ဥပမာ မိုးကောင်းတို့လို ဝေးတဲ့ နေရာဘက်က လူတွေက သေချာရော သိရဲ့လား။ အဲ့ဒါကြောင့် တချို့အဖွဲ့တွေကကျတော့ အခုပြောင်းလဲသွားတဲ့ မူးယစ်ဥပဒေကို နည်းနည်းဝေးတဲ့ ဒေသက ဝန်ထမ်းတွေကိုလည်းသိအောင် သူတို့ ကြိုးစားပြီးတော့ ပညာပေးနေပါတယ်။

**ကျွန်မတို့ ကချင်ပြည်နယ်မှာဆိုရင် မူးယစ်ဆေးဝါး လက်ဝယ်ထားရှိမှုကြောင့် အကျဉ်းထောင်ထဲမှာ ကျနေတဲ့လူ ၉၀ ရာခိုင်နှုန်းလောက် ရှိနေတယ်။ အဲ့အပေါ်မှာရော ဘယ်လိုပြောချင်လဲ။**

၉၀ ရာခိုင်နှုန်းက လူတွေက မူးယစ်ဆေးဝါး လက်ဝယ်ရရှိမှုနဲ့ ဖမ်းဆီးတာ ဖြစ်နိုင်တယ်ပေါ့နော်။ အဓိက ပညာပေးချင်တာကတော့ ဒီ မူးယစ်ဆေးသုံးစွဲတာက အပြစ်မဟုတ်ဘူး။ ဒါ ရောဂါတစ်မျိုးပေါ့။ ဥပမာ ကိုယ့်မှာ ဆီးချို သွေးချိုရှိတယ်ဆိုရင် ဆေးရုံသွားရတယ်ပေါ့။ အဲ့ဒီလိုမျိုးပဲ မူးယစ်ဆေး သုံးစွဲတာကလည်း ရောဂါတစ်မျိုးပဲဖြစ်တယ်။ ဒီ ပြန်လည်ထူထောင်ရေးစင်တာတို့၊ ဘိန်းဖျက်စခန်းတို့ကို ပိုပြီးမှ လုပ်ပေးသင့်တယ် ပေါ့နော်။ ထောင်ထဲထည့်ရမယ့် အစား။ ကျွန်တော်ထင်တာပေါ့လေ။ ဒီနေ့ပဲ ဘဝသစ် နေရာကို သွားခဲ့တယ်။ သူတို့ လုပ်နေတဲ့ဟာတွေက တကယ်ကောင်းတယ်။ ဒါပေမဲ့ အဲ့ဒီဂေဟာက သေးသေးလေး။ လူဘယ်လောက်မှ မဆံ့ဘူး။ အဲ့လိုမျိုးလေးတွေကို ပိုပြီးမှ ကြီးလာအောင် အစိုးရတို့ NGOတို့နောက်ပြီးပုဂ္ဂလိကတို့ စီးပွားရေးလုပ်ငန်းရှင် အကုန်ပါလာဖို့လည်း မျှော်လင့်တယ်။ အကုန်ပူးပေါင်းပြီးတော့ အသိပညာပေးလုပ်တာတွေ ပေါ့နော်။

**အခုတလော လူမှုကွန်ရက်မှာ ပြန့်နေတဲ့ ၃နှစ် အရွယ် ကလေးတစ်ယောက်နဲ့ သူ့မိဘတွေ မူးယစ်ဆေးဝါးသုံးစွဲနေတဲ့ ဗွီဒီယိုဖိုင်တစ်ခုကိုလည်း တွေ့ပြီးပြီလို့ ထင်ပါတယ်။ အမျိုးသမီးတွေရော ကလေးတွေပါ မူးယစ်ဆေးဝါး သုံးစွဲလာတဲ့အပေါ်မှာ ဘာပြောချင်လဲ။ ပြီးတော့ ဘာကြောင့်ဖြစ်တယ်လို့ထင်လဲ။**

အဲ့ဒါက ကျွန်တော်လုပ်နေတဲ့ လုပ်ငန်းတွေထဲမှာ အခက်အခဲဆုံး ပေါ့နော်။ အမျိုးသမီးတွေ ပိုပြီး သုံးစွဲလာတာတွေကို တွေ့လာရတော့ ဖြေရှင်းရတာ အခက်ခဲဆုံးပဲ။ ခုနကလို သုံးနှစ်အရွယ် ကလေးလေးကိုခေါ်ပြီး မူးယစ်သုံးစွဲနေတာတွေ့တော့ အများအတိုင်းပဲ လူက စိတ်ဆိုးပြီးတော့ မိဘကို အပြစ်တင်ကြတယ်။ ကျွန်တော်လည်း ပထမတော့ အရမ်းစိတ်ဆိုးတယ်။ အပြစ်တင်တယ်။ ဒါပေမဲ့ နောက်ပိုင်းပြန် စဉ်းစားကြည့်လိုက်တော့ ခုနကကျွန်တော်ပြောသလို မူးယစ်ဆေးဝါးသုံးစွဲလို့ရှိရင် စိတ်ရောဂါတစ်မျိုးပေါ့နော်။ အကယ်၍ မိဘကသာ ကျန်းမာနေမယ် စိတ်ရောဂါမရှိဘူးဆိုရင် အဲ့လိုထားမှာမဟုတ်ဘူးပေါ့နော်။ မိဘကိုယ်တိုင်ကလည်း မူးယစ်ဆေးစွဲတဲ့ ရောဂါရနေလို့ပေါ့နော်။ အဲ့လိုမျိုးတွေဖြစ်တာက ကလေးတွေကို ထိတာပေါ့။ နောက်ပြီး သူတို့က အိမ်မှာပဲ သုံးတဲ့အချိန်ကျတော့ ကလေးတွေက မြင်နေရတယ်။ ကလေးတွေက မြင်နေတဲ့အခါကျတော့ ကိုယ့်မိဘတွေရော သုံးတယ်။ ကိုယ်ရောသုံးရင်ဘာဖြစ်မလဲပေါ့နော် အဲ့လိုဖြစ်လာတယ်။ ကျွန်တော် ပူတာအိုသွားတော့ အဲ့ဒီမှာ ကလေးငါးယောက်အမေ အမျိုးသမီးတွေ့တော့ သူက ဆေးကိုတစ်ရက်ကို သုံးကြိမ်ထိုးတယ်။ ဒီလိုမျိုး မကုဘဲနဲ့ ဆက်သွားမယ်ဆိုရင် သူ့ကလေးတွေလည်း အတုမြင် အတတ်သင် ပြီးတော့မှ အမေလည်း လုပ်တယ်၊ ငါလည်း လုပ်မယ်ပေါ့နော်။ အဲ့ဒီ ပြဿနာတော့ ရှိနေပြီ။ အဲ့ဒါကို ဘယ်လိုဖြေရှင်းမလဲ။ ဆေးပေးခန်းတွေ၊ ခုနကလို လုံခြုံတဲ့ နေရာမရှိဘူး။ ဒီ လူ့အသိုင်းအဝိုင်းထဲမှာ အမျိုးသမီးတွေကို ပိုပြီးတော့မှ ဆေးသမားတို့၊ ဘာညာဆိုပြီးတော့မှ နှိမ်တာတွေ ပိုပြီး များတယ်။ ယောကျ်ားလေးဆိုရင် မူးယစ်နားနေခန်းတို့ ဆေးရုံတို့ သွားတယ်ဆိုရင် လူတွေရဲ့ အမြင်က အမျိုးသမီးတစ်

ယောက်ဝင်သွားတဲ့ အမြင်က မတူဘူး။ အမျိုးသမီးတွေကပိုပြီးတော့မှ နှိမ်ခံရတယ်။ အဲ့ဒါမျိုးတွေအတွက် အမျိုးသမီးတွေ ဒီပရိုဂရမ်ထဲ ဝင်လာအောင် နေရာတွေလည်း လိုတယ်။ လူတွေ အမြင် ပြောင်းအောင်လည်း လုပ်ဖို့လိုတယ်။ သူတို့သည် ကလေးတွေ ရှိတဲ့အတွက် သူတို့ သွားလာရေး အဆင်ပြေအောင်တွေရော စဉ်းစားပေးရတာတွေက ခက်ခဲတဲ့အလုပ်ပါ။ အဲ့ဒီအတွက်ကြောင့်မို့လို့ နောက်ပိုင်းကျရင် အမျိုးသမီးတွေ ပရိုဂရမ်ထဲ ပါလာတဲ့အခါ သက်တောင့်သက်သာဖြစ်အောင် တစ်ခုခု ဖန်တီးပေးမယ်ပေ့ါ။ အခုက ပတ်ဝန်းကျင်က နှိမ်တာတွေကြောင့် သူတို့က ပုန်းနေကြတယ်။ ဘယ်သူတွေ သုံးနေတယ်ဆိုတာ ရှာရတာတောင် ခက်တယ်ပေ့ါနော်။

**ကချင်ပြည်နယ် အတွက် ခြောက်သန်းကို အစည်းအဝေး လုပ်မယ့်အချိန်မှာ ကချင်ပြည်နယ်က ဒေသခံတွေကို အမျိုးသမီး မူးယစ်သုံးစွဲသူတွေအတွက် ဘာတွေ တောင်းဆိုသင့်တယ်လို့ မြင်လဲ။ ဘာတွေ တောင်းဆိုခိုင်းချင်လဲ။**

အဲ့ဒီ အစည်းအဝေးကျရင် ကျွန်တော်လည်း ရှိနေမှာ ဟုတ်တယ်။ အခုဖြစ်နေတဲ့ အဖြစ်အပျက်တွေကို ကျွန်တော်က အစပျိုးပေးမယ်ပေ့ါနော် မကျန်ရစေအောင်။ ဒါပေမဲ့ ဆွေးနွေးပွဲမှာ ပါလာနိုင်အောင် အခုကတည်းက စတင်လုပ်ဆောင်မယ်။ ဖြစ်လာမှာပါ။

**အခုသွားခဲ့တဲ့ ဘဝသစ်ဂေဟာမှာရော မူးယစ်သုံးစွဲနေတဲ့ အမျိုးသမီးတွေကို တွေ့ခဲ့လား။**

ရွာတွေမှာ သွားရင်တော့ တွေ့ရတယ်။ အိမ်တွေမှာ တွေ့တယ်။ အဲ့လို ဂေဟာတွေလို၊ ထူထောင်ရေးစခန်းတွေမှာဆိုရင်တော့ မတွေ့ပါဘူး။ ဘဝသစ်ကို သွားတဲ့အချိန်မှာ သူတို့လည်း အမျိုးသမီးတွေအတွက် အဆောင်အသစ်တစ်ခုဆောက်ဖို့ လိုအပ်နေတယ်။ လုပ်ဖို့အစီအစဉ်တော့ ရှိတယ်။ ဒါပေမဲ့ ငွေရေးကြေးရေး အခက်အခဲ ဖြစ်နေတယ်ပေ့ါနော်။ အဲ့ဒါကြောင့်မို့လို့ ခြောက်သန်းတန် အစည်းအဝေးမှာ ထည့်ဆွေးနွေးဖို့ တာဝန်ရှိသူတွေကိုလည်း ပြောထားပြီးပြီ။ တစ်ခုခုတော့ ထွက်လာမယ်လို့ မျှော်လင့်ပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်

# အစိုးရနှင့် မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့ တရားဝင်တွေ့ဆုံမှု မပြုလုပ်နိုင်သေး




မတ်လ ၈

အစိုးရနှင့် ကေအိုင်အို ပါဝင်သည့် မြောက်ပိုင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များတရားဝင်တွေ့ဆုံဆွေးနွေးရေး မပြုလုပ်နိုင်ရခြင်းမှာ အချင်းချင်း ယုံကြည်မှု အားနည်းနေခြင်းကြောင့်ဟု ငြိမ်းချမ်းရေးဆွေးနွေးရေး အကျိုးဆောင်အဖွဲ့(PCG)မှ တာဝန်ရှိသူက ပြောသည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၂၁ ရက်နေ့က ကချင်လွတ်လပ်ရေးအဖွဲ့(KIO)နှင့်ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့(NRPC) တို့ တရုတ်နိုင်ငံ ကူမင်းမြို့တွင် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုတစ်ရပ်ပြုလုပ်ခဲ့ကြပြီး ၎င်းတို့ တရားဝင်ဆွေးနွေးပွဲကို မြန်မာနိုင်ငံအတွင်းရှိ မြို့တစ်မြို့တွင် ဖေဖော်ဝါရီလအတွင်း ပြုလုပ်မည်ဟု သဘောတူထားခဲ့ကြခြင်း ဖြစ်သည်။

ထို့နောက် ပြုလုပ်မည့် တရားဝင်တွေ့ဆုံဆွေးနွေးပွဲတွင် ကေအိုင်အိုအပြင် မြောက်ပိုင်းအဖွဲ့မှ တိုင်းရင်းသားလက်နက်ကိုင် ၃ ဖွဲ့လည်း ပါဝင်ရန် အစိုးရက ထပ်မံသဘောတူထားခဲ့ကြသော်လည်း ယခုအချိန်ထိ တရားဝင် တွေ့ဆုံပွဲမှာ ကျင်းပနိုင်ခဲ့ခြင်း မရှိသေးပေ။

"ဒီဘက်ကလည်း ပြင်ဆင်ရတာ၊ အကြံပေးရတာ ဖြစ်နိုင်ပါတယ်။ အဖွဲ့တွေကလည်း များတော့ ပြီးရင် အဓိက ကတော့ ယုံကြည်မှုပိုင်း အားနည်းနေသေးတာကြောင့်ပါ။ ဒါပေမဲ့ ရှေ့ဆက်တော့ သွားမယ်။ အချိန်နည်းနည်းပေးရတဲ့ အနေအထားပါ"ဟု ငြိမ်းချမ်းရေးဆွေးနွေးရေး အကျိုးဆောင်အဖွဲ့(PCG)မှ တာဝန်ရှိသူ ဦးဆန်အောင်က ပြောသည်။

သို့သော် ဖေဖော်ဝါရီ ၂၅ ရက်ကလည်း တရုတ်နိုင်ငံ ကူမင်းမြို့တွင် အလွတ်သဘောအနေဖြင့် ကေအိုင်အို၊ ရက္ခိုင့်တပ်မတော်(AA)၊ ကိုးကန့်နှင့် ပလောင်စသည့် မြောက်ပိုင်းအဖွဲ့ ၄ ဖွဲ့တို့နှင့် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့(NRPC) အလွတ်သဘော တွေ့ဆုံခဲ့ကြသော်လည်း ဆွေးနွေးမှုခေါင်းစဉ် ကွဲလွဲသွားသည့်အတွက် တစ်စုံတစ်ရာ ဆုံးဖြတ်နိုင်ခဲ့ခြင်း မရှိကြောင်း ဦးဆန်အောင်က ပြောသည်။

"အဲ့မှာတော့ဆွေးနွေးတဲ့ ခေါင်းစဉ်က တစ်လွဲစီတော့ ဖြစ်တာပေ့ါ။ ဒါပေမဲ့ ရှေ့ဆက်တော့ သွားမှာပါ။ အစိုးရဘက်ကတော့ခေါင်းစဉ်က တစ်မျိုး၊ ဒီဘက် ၄ ဖွဲ့ဘက်ကလည်း ခေါင်းစဉ်ကတစ်မျိုးဖြစ်နေတော့ ဘာမှ ဆုံးဖြတ်ချက်တော့ မချခဲ့ကြဘူး။ လေးဖွဲ့ကတော့ အပစ်အခတ်ရပ်ပြီးမှ စစ်ရှောင်ပြည်သူတွေ နေရပ်ပြန်ရေးကို ဦးစားပေးပြီးမှ တင်ပြဖို့ပေ့ါ။ အစိုးရဘက်ကတော့ အဲ့လိုမဟုတ်ဘဲနဲ့ Deed of Commitment(DOC) ပုံစံမျိုး အဲ့ဒါမျိုး ပြန်ဖြစ်လာတော့ ခေါင်းစဉ်နည်းနည်းလွဲပြီး ခေါင်းစဉ်ပြန်တည့်ပြီးမှ ပြန်တွေ့ရမယ့် ပုံစံမျိုးဖြစ်ပါတယ်"ဟု ဦးဆန်အောင်က ရှင်းပြပြောဆိုသည်။

အလွတ်သဘော ဆွေးနွေးသည့် အနေအထား ဖြစ်သည့်အတွက် ညှိနှိုင်းခြင်း အဆင်မပြေသေးသည့် အနေအထားဖြစ်ပြီး တရားဝင်ဆွေးနွေးပွဲ ဖြစ်ပေါ်လာမည်ဟု ယုံကြည်ကြောင်းလည်း ကချင်ပြည်နယ်ဒီမိုကရေစီပါတီဥက္ကဋ္ဌ ဒေါက်တာတူးဂျာကလည်း ပြောသည်။

"၂၅ ရက်နေ့မှာ ကူမင်းမှာအလွတ်သဘောတွေ့ကြတာပေ့ါ။ ဒီကနေ နောက်ဆိုအလွတ်သဘောပဲ ပြန်ဖြစ်မလား နောက်တစ်ခါတွေ့ရင်တော့ တရားဝင်ဆွေးနွေးပွဲလုပ်မလားပေ့ါ၊ ဒါပေမဲ့ ဒါကတော့ ဖြစ်လာမှာပါ။ တပ်မတော်ဘက်ကလည်း ၄ လအတောအတွင်း အပစ်အခတ်ရပ်စဲထားတဲ့ အတောအတွင်းမှာ သူတို့ကြိုးစားကြမှာပါ။ ပြီးရင်တော့ အပစ်အခတ်ရပ်ရေး တစ်ခုခုပေ့ါ။ သဘောတူညီမှု ရအောင်ကြိုးစားကြမှာပါ။ ဒီအတိုင်းတော့ ရပ်မထားလောက်ပါဘူး။ နှစ်ဖက်စလုံးကတော့ ဆန္ဒရှိနေကြတယ် သိရတယ်"ဟု ဒေါက်တာတူးဂျာက ပြောသည်။

ဇန်နဝါရီ ၂၁ ရက်နေ့က ကူမင်းမြို့တွင် ပြုလုပ်ခဲ့သည့် အလွတ်သဘော တွေ့ဆုံပွဲတွင် အစိုးရ ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးကော်မရှင်ဒုဥက္ကဋ္ဌ ဦးသိန်းဇော်၊ ကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)တို့ ပါဝင်ပြီး ကေအိုင်အို ကိုယ်စားလှယ်အနေဖြင့် ဗိုလ်ချုပ်ဂွန်မော်ဦးဆောင်သော အဖွဲ့၊ ဆရာကြီးဦးလနန်တို့ ဦးဆောင်တက်ရောက်ခဲ့ကြသည်။

Salai

# တပ်ကုန်းနှစ်ခြင်း စစ်ရှောင်စခန်းတွင် နေထိုင်သော စစ်ရှောင်များ ထပ်မံပြောင်းရွှေ့ရန် စီစဉ်

မြစ်ကြီးနား၊ မတ် ၁

မြစ်ကြီးနားမြို့နယ်၊ တပ်ကုန်းစံပြ နှစ်ခြင်းအသင်းတော်ရှိ စစ်ရှောင်စခန်းပြည်သူများကို တပ်ကုန်းနယ်မြေ ၁၁၊ ထီဝန်းသို့ ပြောင်းရွှေ့ပေးရန်အတွက် နေရာလျာထားကြောင်း သိရသည်။

စစ်ရှောင် ပြည်သူများ ပြောင်းရွှေ့မည့် နေရာသစ်အနီးတွင် ဘုရားကျောင်းမရှိခြင်း၊ ကလေးငယ်များအတွက် မူကြိုကျောင်းမရှိခြင်း၊ ကျောင်းနှင့်လည်း အလှမ်းဝေးခြင်းကြောင့် ကလေးများ၏ ပညာရေးထိခိုက်မည်ကို စိုးရိမ်သောကြောင့် နေရာသစ်သို့ ပြောင်းရွှေ့ရန် စိုးရိမ်နေကြောင်း တပ်ကုန်းစစ်ရှောင်စခန်းနေသူ ဒေါ်မရီလုက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အခုပြောင်းရွှေ့မယ်လို့ ပြောထားတဲ့ နေရာက လယ်ကွင်းနားမှာ ဟုတ်တယ်။ ကလေးတွေအတွက်လည်း သိပ် အဆင်မပြေဘူး။ ကျောင်းဆိုရင်လည်း အရမ်းဝေးတယ်။ အန်တီတို့က ဒီမှာနေလာတာ ၈ နှစ်ရှိပြီဆိုတော့ နေရာပြန်ပြောင်းရမယ်ဆိုတော့ နည်းနည်းခက်ခဲတယ်။ အသင်းတော်က ရွှေ့ပေးမယ်ဆိုတော့ ရွှေ့ရတာပေ့ါလေ"ဟု ဒေါ်မရီလုက ပြောသည်။

အဆိုပါ နေရာသစ်သို့ ပြောင်းရွှေ့လျှင် ကလေးများအတွက် ကျောင်းများ ဝေးကွာခြင်းကြောင့် ကျောင်းသွား/ပြန် အခက်အခဲဖြစ်လာနိုင်သောကြောင့် မိဘများအနေဖြင့် စိုးရိမ်မှုများရှိနေပြီး နေရာသစ်သို့ ပြောင်းရွှေ့မည့် အရေးကို ပူပန်နေကြကြောင်း ၎င်းက ဆက်လက်ပြောသည်။

"ကျောင်းကြို/ပို့ ကျတော့ သုံးဘီးငှားပြီး သွားခိုင်းမယ်ဆိုရင်လည်း တချို့ဆိုရင်စားဖို့တောင်အနိုင်နိုင်ဆိုတော့ သိပ်အဆင်မပြေဘူး။ ကလေးရှိတဲ့ မိဘတွေကတော့ အဲ့ဒါ စိုးရိမ်နေတာပေါ့"ဟု ၎င်းက ဆိုသည်။

၎င်း ရွှေ့ပြောင်းမည့်ကိစ္စနှင့် ပတ်သက်ပြီး စစ်ရှောင်တာဝန်ရှိသူများနှင့် စစ်ရှောင်တာဝန်ခံတို့က ကေဘီစီ ဖွံ့ဖြိုးကူညီမှုအသင်းသို့ စာတင်ထားကြောင်း စစ်ရှောင်စခန်းတာဝန်ခံ ဦးနော်ဆိုင်းက ပြောသည်။

"စာတင်ထားပြီ။ အဲဒါအကြောင်းပြန်ဖို့ပဲ စောင့်နေတာပေ့ါ။ ပြောင်းဖြစ်မယ်၊ မပြောင်းဖြစ်ဘူး ဆိုတာကတော့မသိသေးဘူးပေ့ါနော်။ အခုက စာတင်ထားတာ တုန်းပဲ ဆိုတော့။"ဟု ဦးနော်ဆိုင်းက ပြောသည်။

အဆိုပါ စစ်ရှောင်စခန်းသစ် ဆောက်လုပ်ရေးအတွက် အလှူရှင်များ လိုအပ်နေပြီး မည်သူမဆို လာရောက် လှူဒါန်းနိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ယင်း လျာထားသည့် မြေနေရာသစ် အကျယ်အဝန်းမှာ အလျား ၂၂၀ ကျယ် ဝန်းကျင်ခန့်ရှိပြီး အနံ ၆၀ ဝန်းကျင်ခန့်ရှိကြောင်း သိရသည်။

စံပြ နှစ်ခြင်းအသင်းတော်ရှိ စစ်ရှောင်စခန်းပြည်သူများသည် ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့က ဝိုင်းမော်မြို့နယ် အူလောက်ကျေးရွာ၊ ဖားကန့်မြို့နယ်၊ တာလောကြီးကျေးရွာနှင့် နမ်ဆန်တို့မှ ရွှေ့ပြောင်းလာခဲ့ခြင်း ဖြစ်ပြီး အိမ်ထောင်စု ၃၂စု နှင့် လူဦးရေ ၁၆၉ ဦးခန့် ရှိကြောင်း သိရသည်။

မျိုးမြတ်မြတ်ပန်/
Benadeth


UEFA
CHAMPIONS
LEAGUE
EST. 1873
Heineken®
HEINEKEN® နဲ့အတူမလွတ်တမ်း
ကြည့်ရှုသင့်သည့် အခိုက်အတန့်များ
HEINEKEN® ရဲ့ UEFA Champion League Final Screening Event ကိုသူငယ်ချင်းတွေနဲ့အတူ ကြည့်ရှုခံစားနိုင်ဖို့
အသေးစိတ်အချက်အလက်များကို www.facebook.com/Heineken တွင် အခုပဲ ဝင်ရောက်ကြည့်ရှုလိုက်ပါ။

# ကချင်အနုပညာရှင်များ အသင်းချုပ် ပန်းချီဆပ်ကော်မတီက ပထမဦးဆုံးအကြိမ် ပန်းချီပြပွဲကျင်းပမည်



မြစ်ကြီးနား၊ မတ် ၇

ကချင်အနုပညာရှင်များ အသင်းချုပ် ပန်းချီဆပ်ကော်မတီမှ ဦးဆောင်ပြီး ပထမဦးဆုံးအကြိမ် ပန်းချီပြပွဲကို မြစ်ကြီးနားမြို့၊ မနောင်ကွင်း၊ မဂ္ဂယ်ခန်းမ၌ ဧပြီလ ၂ ရက်နေ့မှ ၅ ရက်နေ့အထိ ၄ ရက်တိုင် အခမဲ့ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲ၌ ကချင်တိုင်းရင်းသားများသာမက ကျန်တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုများကိုပါ ပုံဖော်ရေးဆွဲသော ပန်းချီကားချပ်များကို ပြသသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

၎င်းပြပွဲသည် ပန်းချီဆပ်ကော်မတီ၏ ပထမဦးဆုံးအကြိမ် ကျင်းပခြင်းဖြစ်သောကြောင့် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားကြောင်းနှင့် လာရောက်ကြည့်ရှုသူများအနေဖြင့် ပန်းချီအနုပညာ လက်ရာများကို အပြည့်အဝခံစားနိုင်စေရန် ကြိုးစားထားသောကြောင့် အနုပညာချစ်မြတ်နိုးသော သူများအားလုံးကို လာရောက် ကြည့်ရှုစေလိုကြောင်း ကချင်အနုပညာရှင်များအသင်းချုပ် ဗဟိုကော်မတီရုံးမှ ဒုတိယဥက္ကဋ္ဌ ဦးတန်နောင့်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ပထမဦးဆုံး ပြပွဲဖြစ်တဲ့အတွက် လိုအပ်ချက်လေးတွေတော့ ရှိမယ်။ ဒါပေမဲ့ အကောင်းဆုံး ဖြစ်အောင်လုပ်ထားတယ်။ ပြင်ဆင်တာကတော့ မနှစ်ကတည်းက ဟုတ်တယ်။ အခုမှ အကောင်အထည် ဖော်နိုင်တယ်ပေါ့နော်။ အခု လုပ်မယ်ဆိုရင်လည်း နှစ်ရက်လောက် ကြိုတင်ပြီးတော့ ပြုလုပ်သွားမယ်။ အနုပညာရှင်တွေ လုပ်တဲ့ဟာဆိုတော့ အကောင်းဖြစ်မှာပါ"ဟု ၎င်းပြောသည်။

ပန်းချီအမျိုးအစားများအဖြစ် Acrylic ၊ ဆီဆေး၊ ခဲပန်းချီများဖြင့် ပုံဖော်ရေးဆွဲထားသော အနုပညာပန်းချီလက်ရာ ကားချပ်ပေါင်း ၅၀ မှ ၁၀၀ အထိ ပြသသွားနိုင်ရန် ပြင်ဆင်ထားကြောင်းလည်း သိရသည်။

ပန်းချီဆရာကြီးများဖြစ်ကြသော Nhkum Brang, Lasham Sunday, Usang La Nu, Shawa Nang, Naw Ra များနှင့် တက်သစ်စပန်းချီဆရာများမှ ပါဝင်သွားမည်ပြီး လာရောက်ကြည့်ရှုသူများအနေဖြင့် ပန်းချီလက်ရာ အနုပညာနှင့် ပတ်သက်သော ရသကို သိရှိနားလည်ခံစားတတ်စေရန် ၎င်းတို့၏ မေးမြန်းလိုသော အကြောင်းအရာများကိုလည်း ပန်းချီဆရာများကိုယ်တိုင် ရှင်းပြပေးသွားမည် ဖြစ်ကြောင်း ပန်းချီဆပ်ကော်မတီမှ တာဝန်ခံ ဦးအင်ခွမ်ဘရန်က ပြောသည်။

"ပန်းချီ အနုပညာက ပတ်ဝန်းကျင်ကို ဘယ်လောက်ထိ အကျိုးပြုသလဲ။ ပံ့ပိုးပေးတာလဲ ဆိုတာတွေရော ပြောပြပေးသွားမယ်။ ဆိုတော့ လာကြည့်တဲ့သူတွေအနေနဲ့ မြင်တွေ့ပြီးတော့ နားလည်သိရှိပြီး ခံစားတတ်စေရန် ပန်းချီဆရာတွေကိုယ်တိုင် သူတို့သိချင်တာလေးတွေကို ရှင်းပြပေးသွားမှာပါ"ဟု ၎င်းက ဆိုသည်။

၎င်းပြပွဲသည် ပန်းချီဆပ်ကော်မတီ၏ ပထမဦးဆုံးအကြိမ် လှုပ်ရှားမှုအနေဖြင့် ယခု ပန်းချီပြပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း နှင့် ရိုးရာယဉ်ကျေးမှုများကို ပန်းချီအနုပညာဖြင့် ပြသလိုသော ရည်ရွယ်ချက်ဖြင့် ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

Benadeth







ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ
အကြမ်းဖက်မှုနှင့် အမြတ်ထုတ်မှုများ ဖြစ်ပေါ်ပါက
တိုင်ကြားရန်ဖုန်းနံပါတ်များ
၀၆၇-၄၀၄၉၉၉၊ ၀၆၇-၄၀၄၂၂၂






# မြစ်ဆုံရေတာကိစ္စ မြန်မာနိုင်ငံရှိ ပြည်သူလူထုကို တွေ့ဆုံမေးမြန်းရန် လိုအပ်ဟု တရုတ်အစိုးရကို ကေဘီစီပြော



မတ်လ ၈

မြစ်ဆုံရေကာတာ စီမံကိန်း ဆက်လက်လုပ်ဆောင်ရန်အတွက် တရုတ်ဘက်မှ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ကို ဖိအားပေးပြောဆိုခြင်းထက် မြန်မာနိုင်ငံရှိ ပြည်သူလူထု သဘောထားကို သွားရောက် တွေ့ဆုံမှုမျိုး ပြုလုပ်ရန် လိုအပ်ကြောင်း တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ် အစိုးအရအဖွဲ့ကို ပြောဆိုခဲ့သည်ဟု ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC) ဥက္ကဋ္ဌ ဒေါက်တာခလမ်ဆမ်ဆွန်က ပြောသည်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့တွင် မတ်လ ၁ ရက်နေ့က ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်မှ ဘာသာရေး ခေါင်းဆောင်များနှင့် ယူနန်ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူတို့ တွေ့ဆုံခဲ့ကြစဉ် ပြောဆိုခဲ့ခြင်းဖြစ်သည်။

ယင်း တွေ့ဆုံပွဲတွင် တရုတ်ဘက်မှ မြစ်ဆုံရေကာတာစီမံကိန်း ဆက်လက်လုပ်ဆောင်ရန်နှင့် ကေအိုင်အို/ကေအိုင်အေအဖွဲ့ကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်အမြန်ဆုံးရေးထိုးရေး ကိစ္စတို့ကို ဖိအားပေးပြောဆိုခဲ့ကြောင်း ဒေါက်တာခလမ်ဆမ်ဆွန်က ပြောသည်။

"သူတို့အနေနဲ့တော့ မြစ်ဆုံရေကာတာကိစ္စကို နှစ်ကြာပြီဆိုတော့ အမြန်အကောင်အထည် ဖော်ချင်တယ်ဆိုတာ ပါတယ်။ ပြီးတော့ ကချင်ဒေသခံ လူထုတွေရဲ့ အနေအထား၊ ခံယူမှုဘယ်လိုရှိလဲ ဆိုတာလည်း သူတို့သိချင်တာပေါ့။ ကျွန်တော်ကတော့ ဒီကိစ္စက ကချင်လူထုကြီးပဲ မဟုတ်ဘူး။ တစ်ပြည်လုံးအတိုင်းအတာဖြစ်တယ် ဆိုတဲ့အကြောင်း။ ဒါကြောင့် တရုတ်အစိုးရအနေနဲ့လည်း တစ်ပြည်လုံးလူထုကို သွားရောက် တွေ့ဆုံဖို့ လိုတဲ့အကြောင်းတွေပေါ့။ ကျွန်တော်တို့ကိုချည်းပဲ ခဏခဏပြောဆိုနေတာမျိုး မဟုတ်ဘဲနဲ့ အားလုံးနဲ့ဆိုင်လို့ အားလုံးကို ပြောဖို့လိုတယ်ဆိုတဲ့အကြောင်းကို ပြောခဲ့ပါတယ်" ဟု ဒေါက်တာခလမ်ဆမ်ဆွန်က ပြောသည်။

ထို့အပြင် မြန်မာအစိုးရဦးဆောင်သည့် NCA လမ်းကြောင်းတွင် အမြန်ဆုံးလက်မှတ်ရေးထိုးကြရန်နှင့် NCA ကို ငြင်းဆန်မည်ဆိုလျှင် တရုတ်ပြည်နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများ ပိတ်မည်ဟု သတိပေးပြောဆိုမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြန်မာ့တပ်မတော်မှ ၄ လကြာ အပစ်အခတ်ရပ်နေခြင်းမှာ မိမိတို့ တရုတ်ဘက်မှ အကြံပြုပြောဆိုထားခြင်း ဖြစ်ပြီး NCA လက်မှတ်ရေးထိုးပြီး ငြိမ်းချမ်းရေး အမြန်ယူကြရန်ပြောဆိုခဲ့သည်။

ယခုကဲ့သို့ တရုတ်ဘက်မှ NCA အမြန်ဆုံး လက်မှတ်ရေးထိုးရန် ဖိအားပေးပြောဆိုခြင်းမှာ ၎င်းတို့ ဖွံ့ဖြိုးမှုနှင့် ရင်းနှီးမြုပ်နှံမှုအတွက်ကို ဦးတည်ချက်ထားသည်ဟု မြင်မိကြောင်းလည်း ဒေါက်တာ ခလမ်ဆမ်ဆွန်က သုံးသပ်ပြောဆိုသည်။

NCA လက်မှတ်ရေးထိုးရေးတွင် တရုတ်၊ မြန်မာ့တပ်မတော်၊ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ တစ်ခုချင်းစီ၏ ဦးတည်ရာ လမ်းကြောင်းသည် ကိုက်ညီမှု မရှိကြကြောင်းလည်း ၎င်း၏အမြင်ကို ပြောဆိုသည်။

"တရုတ်တွေ ဖိအားပေးပြောဆိုတဲ့ NCA ကိစ္စကတော့ သူတို့ဖွံ့ဖြိုးမှုနဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် သူတို့က NCA ထိုးမှ အလုပ်ဖြစ်မယ်ဆိုတဲ့ ဦးတည်ချက်၊ နောက်တပ်မတော်နဲ့ အစိုးရပိုင်းရဲ့ NCA အပိုင်းကတော့ လက်နက်ဖျက်သိမ်းရေးကို ဦးတည်တဲ့NCAလမ်းကြောင်း၊ လက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ NCA ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေးလမ်းကြောင်း၊ ဒီလို လမ်းကြောင်းတွေကလွဲနေတယ်။ အားလုံး တစ်ခုနဲ့တစ်ခုက မကိုက်ညီဘူး ဖြစ်နေတယ်ဆိုတော့ ကြာမလား မြန်မလားတော့ မသိတော့ဘူး"ဟု ဒေါက်တာ ခလမ်ဆမ်ဆွန်က ပြောသည်။

ထို့အပြင် စစ်ရှောင်ပြည်သူများ နေရပ်ပြန်နိုင်ရေးအတွက် တရုတ်အစိုးရမှ ကူညီ ထောက်ပံ့ပေးခြင်း၊ နယ်စပ်ဒေသမှ စစ်ရှောင်ပြည်သူများ၏ နေအိမ်များကိုလည်း ပြန်လည်တည်ဆောက်ရာမှာလည်း ငွေကြေးအထောက်အပံ့ ပေးမည်ဟုလည်း ပြောဆိုခဲ့ကြောင်း သိရသည်။

တရုတ်အစိုးရနှင့် ကေဘီစီခေါင်းဆောင်များ ယခုအကြိမ် တွေ့ဆုံဆွေးနွေးခြင်းသည် ၃ ကြိမ်မြောက်ဖြစ်ပြီး တွေ့ဆုံမှုတိုင်းတွင် NCA လက်မှတ်အမြန်ရေးထိုးကာ ငြိမ်းချမ်းရေး အမြန်ရရှိကြရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

Salai

# နာနတ်သီးစိုက်ပျိုးနည်း



မတ် ၉

ပထမဦးစွာ နာနတ်သီးစိုက်ဖို့ မြေအမျိုးအစားကို ရွေးရမှာဖြစ်တယ်။ သူက နုန်းပါတဲ့မြေကို မကြိုက်တတ်တဲ့အတွက် မြေကြီးပဲ သီးသန့်ဖြစ်ရမယ်။ မြေကြီးထဲမှာမှ မြေစေးအမျိုးကို သူက ကြိုက်တတ်ပါတယ်။ နုန်းမြေဆိုရင် အသီးက ကျစ်လစ်မှုမရှိဘဲပွတတ်ပါတယ်။ မြေစေးမဟုတ်ရင်မချိုဘဲနဲ့ ချဉ်တယ်လို့ သိရပါတယ်။ စိုက်ပျိုးဖို့မြေရပြီဆိုရင်တော့ မျိုးလိုပါတယ်။ မျိုးကို ဘယ်လိုရနိုင်မလဲဆိုရင်တော့ နာနတ်သီးစိုက်တဲ့ တောင်သူအချို့က ဝယ်ရမယ်။ ဝယ်တဲ့အခါ ၅ လဒါမှမဟုတ် ၆ လလောက်ရှိတဲ့ ပျိုးပင်ကို ရွေးဝယ်ရမှာဖြစ်တယ်။ မြေတစ်ဧကမှာစိုက်မယ် ဆိုရင်တော့ အပင်ပေါင်း ၁၄၀၀၀ လောက် လိုအပ်ပါတယ်။ မျိုးလည်းရပြီဆိုတော့ စတင်စိုက်ပျိုးကြမယ်။ မြေကို ထွန်မယ်၊ ပြီးရင် မြောင်းနှစ်မြောင်းကို တစ်ပေလောက်ပဲခြားပြီး ကပ်ဖောက်လိုက်ပါ။ ပြီးရင် ၃ ပေ၊ ဒါမှမဟုတ် ၄ ပေလောက်ခြားပြီး ပထမနည်းတူလုပ်ပါ။ အဲဒီလိုအလှည့်ကျ လုပ်သွားပါ။ ပြီးရင် ပျိုးပင်ကို မြောင်းအတိုင်း လိုက်ပြီး စိုက်ရပါမယ်။ အဲဒီလိုအပင်စိုက်ထားပြီး ၄ လ ဒါမှမဟုတ် ၅ လလောက်ရှိရင် မြက်နုတ်ပေါင်းသင်လုပ်ပေးပြီးတော့ မြေဩဇာကို လိုက်ကျဲပေးပါ။ အပင်ကြီးသွားပြီးဆိုရင်တော့ ပေါင်းသင်တာ လုပ်စရာမလိုတော့ပါဘူး။ စိုက်ပြီးတဲ့နောက် ၃ နှစ်မြောက်တဲ့ နှစ်မှာတော့ အသီးစသီးပါပြီ။ အသီးသီးတဲ့အချိန် အသီး နေလောင်မသွားဖို့ ကောက်ရိုး ဒါမှမဟုတ် မြက်ခြောက်တွေနဲ့ လိုက်ဖုံးပေးရမှာ ဖြစ်တယ်။ အဲဒီလိုလုပ်ခြင်းအားဖြင့် အသီး နေလောင်ဒဏ်ကို ကွယ်နိုင်မှာ ဖြစ်တယ်။

ပြီးတော့ အသီးနုနေတဲ့အချိန် အသီးရဲ့ကြက်တောင်စည်းကို ကြွက်ကိုက်သွားနိုင်တဲ့အတွက် ဖွဲနုနဲ့ကြွက်သတ်ဆေးကို ရေအနည်းငယ်ရောပြီး အသီးတိုင်းမှာ လိုက်ပြီး ထည့်ပေးပါ။ ဒါကတော့ အသီးအပေါ်ရှိ ကြက်တောင်စည်းမရှိ ဖြစ်သွားရင် ရောင်းပန်းမလှဖြစ်သွားမှာ ဖြစ်တဲ့အတွက် ကာကွယ်တဲ့အနေနဲ့ ဆေးခတ်ခြင်းပဲဖြစ်ပါတယ်။

ဒီအသီးကတော့ ဇွန်၊ ဇူလိုင်လလောက်ကစပြီး အသီးစခူးရောင်းလို့ရပါပြီ။ နာနတ်သီးက တစ်နှစ်ကို နှစ်ခေါက်သီး ပါတယ်။ ပထမအသုတ် ခူးရောင်းပြီးပြီဆိုရင် နောက်ထပ်ပြန်သီးတဲ့အတွက် နှစ်ကုန်ပိုင်းလောက်အထိ အသီး သီးတတ်ပါတယ်။

ဒီနည်းအတိုင်း တောင်သူတွေအနေနဲ့ နာနတ်သီးကို စိုက်ပျိုးကြပြီး မိသားစုဝင်ငွေတိုး၊ ကြီးပွားချမ်းသာနိုင်ကြပါစေ။

အထက်ပါ ဖော်ပြခဲ့တဲ့ နာနတ်သီး စိုက်ပျိုးနည်းကို နှစ် ၄၀ လောက် နာနတ်သီး စိုက်ပျိုး လုပ်ကိုင်လာတဲ့ တောင်သူတစ်ဦးကို မေးမြန်းရေးသားထားတာပဲ ဖြစ်ပါတယ်။

မွန်းမွန်းပန်